MINISTRY OF HOTELS & TOURISM




# မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်း
# စံသတ်မှတ်ချက်များ

# ပြည်ထောင်စုဝန်ကြီး၏ အမှာစာ

မြန်မာနိုင်ငံ၏ဒေသအနှံ့အပြားတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန်မိမိအနေဖြင့် အစဉ်တစိုက် အားပေးထောက်ခံခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူပြီးနောက်ပိုင်း တွင်လည်း မြန်မာနိုင်ငံတဝှမ်းရှိ ပုဂ္ဂလိကအခန်းကဏ္ဍများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ဒေသခံရပ်ရွာအသိုက်အဝန်း အသီးသီးတို့က လူထုအခြေပြုခရီးသွားလုပ်ငန်းကို လက်ခံကြိုဆိုကြရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန် အခါအခွင့်သင့် တိုင်းအစဉ်တစိုက် တိုက်တွန်းအားပေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကိုယ်ပိုင်ဓလေ့ထုံးတမ်းများရှိပြီး မတူကွဲပြားသောလူမျိုးအများအပြား ပေါင်းစည်းနေထိုင်ကြသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် လေ့လာလည်ပတ်စရာနေရာမြောက်များစွာရှိနေပါသည်။ လူထုအခြေပြုခရီးသွား လုပ်ငန်းများသည် နိုင်ငံတကာခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံတွင်မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခွင့်ရှိပြီး ၎င်းတို့၏ ဓလေ့ထုံးတမ်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကျယ်ပြန့်သောဗဟုသုတများကို ရရှိနိုင် မည်ဖြစ်သကဲ့သို့ ဒေသခံလူထုများအတွက်လည်း ဆက်သွယ်ရေးနှင့် စွမ်းဆောင်ရည်များဖွံ့ဖြိုးအောင်အပြန်အလှန် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင် ရွက်ရာတွင် ဒေသခံလူထု၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါကြောင်းကို ကောင်းစွာသိရှိနားလည်ထားပါသည်။

မြန်မာနိုင်ငံတွင်၂၀၁၅ခုနှစ်ကစတင်ပြီး လူထုအခြေပြုခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော ဒေသအရေအတွက်သည် သိသာ ထင်ရှားစွာမြင့်တက်လာသလို လူထုအခြေပြုခရီးသွားလုပ်ငန်းအပေါ် ခရီးသွားကဏ္ဍမှ အစုအဖွဲ့အသီးသီး၏ စိတ်ဝင်စားမှုသည် လည်းမြင့်တက်လာသည်မှာ အားတက်ဖွယ်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း ကို အခြေခံနားလည်လက်ခံထားမှုမရှိခြင်းနှင့် စံနှုန်းသတ်မှတ်ချက်များ ပြဋ္ဌာန်းထားနိုင်ခြင်းမရှိသေးသည့်အတွက် ခရီးသွားကဏ္ဍ မှအစုအဖွဲ့အသီးသီး၏ စိုးရိမ်မှုများလည်းရှိနေပါသည်။ ထို့ကြောင့် အခုအသစ်ရေးဆွဲပြဋ္ဌာန်းလိုက်သည့် လူထုအခြေပြုခရီးသွား လုပ်ငန်းအတွက် စံနှုန်းသတ်မှတ်ချက်များသည် ဒေသခံလူထု၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် အခြေခံလူ့အခွင့်အရေးတို့ကို မြှင့်တင်ကာကွယ်ပေးရာတွင် ထိရောက်သေချာစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစိုးရနှင့် စီးပွားရေးလုပ်ငန်း မိတ်ဖက်များအကြားတွင်လည်း ယုံကြည်မှုများ ပိုမိုခိုင်မာလာစေမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ လူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်း များယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည်ကို ဝမ်းမြောက်ဝမ်းသာစွာထောက်ခံအားပေးပါသည်။ ဤစံနှုန်းများသည် ဒေသခံလူထုအား ခရီးသွားဝန်ဆောင်မှုနှင့်ပံ့ပိုးမှုများအတွက် ခရီးသွားစံနှုန်းများသတ်မှတ်နိုင်စေပြီး မြန်မာနိုင်ငံရှိလူထုအခြေပြုခရီးသွားစီမံကိန်း များသည်လည်း ခိုင်မာတိုးတက်လာကာ အတွေ့အကြုံကောင်းများ ရရှိလာစေမည်ဟု ယုံကြည်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသော ဒေသခံလူထုများ၊ အစိုးရနှင့်အဖွဲ့အစည်းများအားအထူး ကျေးဇူးတင်ရှိပါသည်။



ဦးအုန်းမောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# မာတိကာ


**အပိုင်း (က) မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ နိဒါန်း** ၁

၁. နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ ၁

၁.၁ မြန်မာနိုင်ငံတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဦးစားပေး ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခြင်း ၁

၁.၂ လူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ ဆိုသည်မှာ အဘယ်နည်း ၁

၁.၃ မြန်မာနိုင်ငံတွင်လူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များကို မည်ကဲ့သို့ ဖော်ထုတ်ခဲ့သနည်း။ ၂

၂. မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်အုပ်စုများ ၄

၃. မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များအသုံးပြုပုံ ၅

၃.၁ အထောက်အထားများပေါ် အခြေခံသည့် ဆန်းစစ်အကဲဖြတ်မှု ၅

၃.၂ အထောက်အထားပုံစံများ ၅

၃.၃ လိုက်နာရမည့်စံသတ်မှတ်ချက်များ၏ အဆင့်အနေအထား ၆

၃.၄ အကောင်အထည်ဖော်ဆောင်ရွက်မှုရလဒ်များ ၇

**အပိုင်း (ခ) မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ** ၉

၁. စံသတ်မှတ်ချက်အုပ်စု (၁) ရေရှည်တည်တံ့ခိုင်မြဲ၍ ထိရောက်မှုရှိသော စီမံခန့်ခွဲမှု ၉

၂. စံသတ်မှတ်ချက်အုပ်စု (၂) ဒေသခံလူထုအတွက်လူမှု-စီးပွားအကျိုးကျေးဇူးများကိုအများဆုံးရရှိစေပြီး ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံး ဖြစ်အောင် လျှော့ချခြင်း ၁၅

၃. စံသတ်မှတ်ချက်အုပ်စု (၃) ယဉ်ကျေးမှုဆိုင်ရာမတူကွဲပြားမှုများ၊ကိုယ်ပိုင်လက္ခဏာများ၊အမွေအနှစ်များနှင့် ခမ်းနားထည်ဝါမှုများကို တန်ဖိုးထားမြှင့်တင်ပေးခြင်း ၁၈

၄. စံသတ်မှတ်ချက်အုပ်စု (၄) သဘာဝပတ်ဝန်းကျင်အပေါ်ဆိုးကျိုးသက်ရောက်မှုများကိုအနည်းဆုံးဖြစ်အောင်လျှော့ချခြင်း ၂၁

၅. စံသတ်မှတ်ချက်အုပ်စု (၅) ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစေခြင်း ၂၅

၆. စံသတ်မှတ်ချက်အုပ်စု (၆) ၂၇
လူထုအခြေပြုခရီးသွားလုပ်ငန်းဝန်ဆောင်မှုများအတွက်သီးခြား
စံသတ်မှတ်ချက်များ

၆.၁ စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၁) ၂၇
အရည်အသွေးကောင်းမွန်သောအစားအသောက်ဝန်ဆောင်မှုပေးခြင်း

၆.၂ စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၂) ၃၀
အရည်အသွေးပြည့်မီသော ဒေသခံဧည့်လမ်းညွှန်ဝန်ဆောင်မှုများ
ပေးခြင်း

၆.၃ စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၃) ၃၂
ခရီးစဉ်များ၊ခရီးသွားလုပ်ငန်းလှုပ်ရှားမှုများနှင့်သယ်ယူပို့ဆောင်ရေး
တို့အတွက် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများပေးခြင်း

၆.၄ စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၄) ၃၄
အရည်အသွေးပြည့်မီသောတည်းခိုနေထိုင်ရေးဆိုင်ရာဝန်ဆောင်မှု
များပေးခြင်း

၇. စံသတ်မှတ်ချက်အုပ်စု (၇) ၃၉
လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့ဝင်များမှဈေးကွက်
ရရှိရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုက်နာရမည့်အချက်များ

**အပိုင်း(ဂ) မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများနှင့်ပူးပေါင်း ၄၂**
**ဆောင်ရွက်မှုများဆိုင်ရာ စံသတ်မှတ်ချက်များ**

၁. စံသတ်မှတ်ချက်အုပ်စု(၈) ၄၂
ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ စံသတ်မှတ်ချက်များ

၂. ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၄၉

၃. အသုံးပြုထားသည့်အတိုကောက်စကားလုံးများ ၅၁



## အပိုင်း (က) မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ နိဒါန်း

### ၁. နောက်ခံအကြောင်းအရာနှင့် နည်းစနစ်များ

### ၁.၁ မြန်မာနိုင်ငံတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းကို ဦးစားပေးခရီးသွားလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းကို အမျိုးသားအဆင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် ဦးစားပေးမဏ္ဍိုင်ကြီး (၃)ခုအနက် (၁)ခုအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ ခရီးသွားကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများက လူထုအခြေပြုခရီးသွားလုပ်ငန်းသည် အခြေခံလူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရေးနှင့် ယဉ်ကျေးမှု မြင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်သည်ဟုမျှော်လင့်ကြသည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှစ၍ လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်ကြသည့် ခရီးစဉ်ဒေသအရေအတွက်မှာ သိသာထင်ရှားစွာမြင့်တက်လာသည်။ သို့ရာတွင် ခရီးသွားကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများက လူထုအခြေပြုခရီးသွားလုပ်ငန်း၌ ယူဆချက်များကွဲပြားခြင်းနှင့် အခြေခံစံနှုန်းသတ်မှတ်ချက်များ မပြဋ္ဌာန်းထားရသေးခြင်းအပေါ် စိုးရိမ်ချက်များကို တင်ပြလာခဲ့ကြသည်။ လူထုအခြေပြုခရီးသွားလုပ်ငန်းအား ဒေသအခြေအနေနှင့် ဈေးကွက်အခွင့်အလမ်းများအပေါ်မူတည်၍ ပုံစံအမျိုးမျိုးဖြင့် မြင်တွေ့နိုင်မည်ဖြစ်သည်။ တူညီသော စံနှုန်းပြဋ္ဌာန်းသတ်မှတ်ခြင်းအားဖြင့် ရပ်ရွာခရီးစဉ်ဒေသများ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် အခြေခံအခွင့်အရေးတို့ကို မြှင့်တင်ကာကွယ်ပေးရာတွင် အထောက်အကူပြုစေနိုင်သည့်အပြင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းမိတ်ဖက်များကြားတွင်လည်း နှစ်ဦးနှစ်ဖက်ယုံကြည်မှုကို တိုးပွားစေမည် ဖြစ်သည်။

### ၁.၂ လူထုအခြေပြု ခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များဆိုသည်မှာ အဘယ်နည်း

လူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များသည် နောက်ခံဒေသနှင့် လိုက်လျောညီထွေမှုရှိ၍ တိကျရှင်းလင်းပြတ်သားသော အသေးစိတ်စံသတ်မှတ်ချက် ပါဝင်သည့်ပြဋ္ဌာန်းချက်ကို ဆိုလိုသည်။ မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များသည် အရည်အသွေး၊ ဘေးကင်းလုံခြုံမှုနှင့် စွမ်းဆောင်ရည်အား အနည်းဆုံး သင့်တော်သည့်အနေအထားတစ်ရပ်အထိ စိတ်ချရမှုကို ဖန်တီးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ လူထုအခြေပြုခရီးသွားလုပ်ငန်းအပေါ်တွင် ယုံကြည်ကိုးစားမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များကို အစိုးရနှင့်အခြားသောအဖွဲ့အစည်းများအား လူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်မည့် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်များကို စနစ်တကျ မြှင့်တင်ရာတွင် ရှင်းလင်းသော လမ်းပြမြေပုံအဖြစ်လည်းကောင်း ကနဦးအနေဖြင့် သင်တန်းဆိုင်ရာ လိုအပ်ချက်များနှင့် ကွာဟချက်များကို သိရှိရန်အသုံးပြုနိုင်သည်။ အဆိုပါ စံသတ်မှတ်ချက်များအား ကနဦးအ

ကောင်အထည်ဖော်ဆောင်ရွက်သည့် အချိန်ကာလနောက်ပိုင်းတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း အစီအစဉ်များ၏ အရည်အသွေးများကို တိုင်းတာရာတွင် အသုံးပြုနိုင်သည်။

## ၁.၃ မြန်မာနိုင်ငံတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို မည်ကဲ့သို့ ဖော်ထုတ်ခဲ့သနည်း

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် အောက်ပါအချက်များအား ထည့်သွင်းစဉ်းစားခဲ့ကြသည်-

- မြန်မာနိုင်ငံ၏ စံသတ်မှတ်ချက်များသည် နိုင်ငံတကာနှင့်ဒေသတွင်းရှိ လုပ်ထုံးလုပ်နည်းကောင်းများ၊ အထူးသဖြင့် ခရီးသွားဒေသများအတွက် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစံညွှန်းများ (Global Sustainable Tourism Criteria) နှင့် အာဆီယံနိုင်ငံများ၏လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ (ASEAN CBT Standard) နှင့်လိုက်လျောညီထွေမှုရှိစေရန်

- မြန်မာနိုင်ငံ၏ စံသတ်မှတ်ချက်များသည် လက်ရှိတည်ဆဲအမျိုးသားရေးမူဝါဒများနှင့် ရေးဆွဲပြီး မူဝါဒများနှင့် လိုက်လျောညီထွေမှုရှိစေရန်

- စံသတ်မှတ်ချက်များသည် လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် အထိုက်အလျောက် အလှမ်းဝေးနေသေးသည့် ဒေသများတွင် ဒေသအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန်

- စံသတ်မှတ်ချက်များသည် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသူများနှင့် ဆက်စပ်သောလုပ်ငန်းရှင်များမှ ဝိုင်းဝန်းဆွေးနွေးတိုင်ပင်ပြီး ဒေသခံများကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်စေရန်

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်ကို ဒေသခံလူထု၊ ခရီးသွားလုပ်ငန်းနှင့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍအသီးသီးတို့ ပူးပေါင်း၍ ၂၀၁၇ခုနှစ်တွင် စတင်ခဲ့ကာ ၁၈လကြာ လုပ်ငန်းအစီအစဉ်အဆင့်အဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် လူထုအခြေပြုခရီးသွား လုပ်ငန်းစံသတ်မှတ်ချက်များ ပြဋ္ဌာန်းနိုင်ရန်အတွက် ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်ကြသည့် CBI (နယ်သာလန်)၊ GIZ (ဂျာမနီ)၊ LuxDev (လူဇင်ဘတ်)၊ မြန်မာလူထုအခြေပြုခရီးသွားလုပ်ငန်းကွန်ရက်တို့နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်းများ၏ ကနဦးမူကြမ်းကို အောက်ဖော်ပြပါနိုင်ငံတကာနှင့် ပြည်တွင်းရှိလူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများကို အခြေခံ၍ရေးဆွဲခဲ့သည်-

- ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးစံညွှန်းများ (GSTC)၊
- အာဆီယံနိုင်ငံများ၏ လူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ၊
- မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်ရေးမူဝါဒ၊(CIT)
- မြန်မာနိုင်ငံရှိ ညအိပ်ခွင့်နှင့်နံနက်စာစားသုံးခွင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဆိုင်ရာ စံညွှန်း (B&B Standard)၊
- ထိုင်းနိုင်ငံ၏လူမှုတာဝန်သိလုပ်ငန်း - ဈေးကွက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်း (CSR-MAP CBT Standard)၊
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ။

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ ကနဦးမူကြမ်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ သတ်မှတ်နိုင်ရေး အမျိုးသားအဆင့်ညီလာခံတွင် ပြန်လည်၍သုံးသပ်ပြီး ပိုမိုထိရောက်ကောင်းမွန်အောင် ပြုပြင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်းရှိ လူထုအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ရာနေရာ (၄)နေရာတွင် လက်တွေ့ကွင်းဆင်းလေ့လာခဲ့ပါသည်။ လက်တွေ့ကွင်းဆင်းလေ့လာခဲ့သည့်အဖွဲ့များ ၏အတွေ့အကြုံများနှင့် အကြံပြုသုံးသပ်ချက်များအပေါ်အခြေခံ၍ ထပ်မံပြင်ဆင်ခဲ့သည့် မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ ပြင်ဆင်ချက်သည် ဒေသတွင်းနှင့် နိုင်ငံတကာမှ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများတို့နှင့် ဆီလျော်ကိုက်ညီသည့်အပြင် ပိုမို၍ရိုးရှင်းလွယ်ကူလာခဲ့သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ (၂၀၁၈ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆။) အရ လူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များကို ထပ်မံလေ့လာသုံးသပ်ပြီး တည်ဆဲဥပဒေနှင့်အညီဖြစ်စေရန်အပြန် အလှန်စစ်ဆေးမှုများကိုလည်း ပြုလုပ်ခဲ့သည်။ ဤပြင်ဆင်ထားသည့် လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှအတည်ပြုထောက်ခံချက်ရရှိထားပြီးဖြစ်သည်။

## ၂. မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်အုပ်စုများ

| စံသတ်မှတ်ချက်အုပ်စု (က) | | စံသတ်မှတ်ချက် အရေအတွက် |
|---|---|---|
| ၁ | မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် ထိရောက်မှုရှိသော စီမံခန့်ခွဲမှုအားညွှန်ပြပေးနိုင်ခြင်း၊ | ၂၆ |
| ၂ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် ဒေသခံလူထုအားထိခိုက်နစ်နာမှုမရှိစေဘဲ ၎င်းတို့၏ လူမှုစီးပွားတိုးတက်စေနိုင်ခြင်း၊ | ၁၄ |
| ၃ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် မတူညီသော ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ အမွေအနှစ်များနှင့် စစ်မှန်မှု များကို ပေါ်လွင်စေနိုင်ခြင်း၊ | ၁၂ |
| ၄ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် သဘာဝပတ် ဝန်းကျင်အား ပျက်စီးထိခိုက်မှုကိုလျော့နည်း စေနိုင်ခြင်း၊ | ၂၂ |
| ၅ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် ဘေးကင်းလုံခြုံမှုရှိစေနိုင်ခြင်း၊ | ၁၀ |
| ၆.၁ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် အရည်အသွေးပြည့်မီသည့် အစားအသောက် ဝန်ဆောင်မှုများကိုဖန်တီး ပေးစွမ်းနိုင်ခြင်း၊ | ၁၈ |
| ၆.၂ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် ဒေသခံလူထုအတွက်အရည်အသွေးပြည့်ဝသည့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ | ၁၀ |
| ၆.၃ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် အရည်အ သွေးပြည့်မီသည့် ခရီးသွားဝန်ဆောင်မှု၊ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ပေးစွမ်းနိုင်ခြင်း၊ | ၆ |
| ၆.၄ | မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်းသည် အရည်အသွေးပြည့်မီသည့် လူထုအခြေပြု ခရီးသွားလုပ်ငန်းတည်းခိုရန်နေရာ များကို ပေးစွမ်းနိုင်ခြင်း၊ | ၃၁ |
| ၇ | ဈေးကွက်ရရှိရေးနှင့် စပ်တူပူးပေါင်းဆောင်ရွက်မှုများ (လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များအဆင်ပြေစေရန် သတ်မှတ်ထား သည့်စံနှုန်းများ) | ၁၁ |
| **စံသတ်မှတ်ချက်အုပ်စု (ခ)** | | |
| ၈ | (ခ) ရင်းနှီးမြုပ်နှံမှုများနှင့် စပ်တူပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေခြင်း (လူထုအခြေပြုခရီးသွားလုပ်ငန်းမှ ရင်းနှီး မြုပ်နှံသည့်အဖွဲ့ဝင်များ အဆင်ပြေစေရန် သတ်မှတ်ထားသော စံနှုန်းများ) | ၃၇ |
| **စုစုပေါင်း** | | ၂၀၀ |

## ၃.    မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များ အသုံးပြုပုံ

ကနဦးနှစ်များတွင် မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကိုသင် တန်းဆိုင်ရာလိုအပ်ချက်များနှင့် လစ်ဟာချက်များကို ဖော်ထုတ်နိုင်ရန်အတွက် အထောက်အကူပြု ကိရိယာတစ်ခုအဖြစ်လည်းကောင်း၊ ဒေသခံလူထုမှ မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန်အတွက် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများနှင့် ဒေသခံလူထုတို့အကြားတွင် ရှင်းလင်းသော လမ်းပြမြေပုံတစ်ခုအဖြစ်လည်းကောင်း အသုံးပြုခဲ့ကြသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံလူထုအခြေပြု ခရီးသွားလုပ်ငန်း စံသတ်မှတ် ချက်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ဆန်းစစ်အကဲဖြတ်သည့် အထောက်အကူပြု ကိရိယာတစ်ခုဖြစ်လာစေရန်နှင့် ဒေသခံလူထုနှင့်ကိုက်ညီမည့် မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွား လုပ်ငန်းစံသတ်မှတ်ချက်များ ဖြစ်မြောက်လာရေးအတွက် ဒေသခံလူထုမှ ထောက်ပံ့ကူညီမှုများလို အပ်လျက်ရှိပြီး အဆိုပါထောက်ပံ့ကူညီမှုများ ရရှိပြီးမှသာလျှင် ဤမြန်မာနိုင်ငံလူထုအခြေပြုခရီး သွားလုပ်ငန်း စံသတ်မှတ်ချက်များကို ဆန်းစစ်အကဲဖြတ်သည့် အထောက်အကူပြုကိရိယာတစ်ခုအ ဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များကို သင်တန်းဆိုင်ရာ လိုအပ် ချက်များနှင့် ကွာဟချက်များကို ဖော်ထုတ်နိုင်ရေးအတွက် ဆန်းစစ် အကဲဖြတ်မှုလုပ်ငန်းစဉ်ဆောင် ရွက်ရာတွင် အသုံးပြုရန် ဖြစ်ပါသည်။ ဖော်ပြပါ ဆန်းစစ်အကဲဖြတ်မှုလုပ်ငန်းစဉ်မှာ အာဆီယံနိုင်ငံ များ၏ လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲထားခြင်းဖြစ် သည်။

### ၃.၁   အထောက်အထားများပေါ်အခြေခံသည့် ဆန်းစစ်အကဲဖြတ်မှု

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များအား ဆောင်ရွက်နေမှုအခြေ အနေကို ဆန်းစစ်အကဲဖြတ်ရာတွင် တိကျခိုင်မာသော အထောက်အထားများကို အခြေခံရမည်။ ဆန်းစစ်အကဲဖြတ်ရာတွင် သတ်မှတ်ထားသည့် အချက်အလက်များကို သက်ဆိုင်ရာဒေသများတွင် အမှန်တကယ် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ သေချာအောင် စစ်ဆေးတင်ပြရန် လိုအပ်သည်။ စံသတ် မှတ်ချက်များအရ ထင်သာမြင်သာသော ကွဲပြားခြားနားသည့် အထောက်အထားအမျိုးမျိုးလိုအပ် သည်။

### ၃.၂    အထောက်အထားပုံစံများ

- **စာရွက်စာတမ်းအထောက်အထားများ**တွင် လုပ်ငန်းအစီအစဉ်များ၊ အစီရင်ခံစာများ၊ အစည်း အဝေးမှတ်တမ်းများ၊ သဘောတူလက်မှတ်ရေးထိုးထားသည့် လိုက်နာဆောင်ရွက်ရမည့်ကျင့် ဝတ်များ၊ ရေးဆွဲထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဝင်ငွေနှင့် အသုံးစရိတ် မှတ်တမ်းများနှင့်

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့အစည်းများတို့အထောက်အထားများ ပါဝင်ရမည်။ စာရွက်စာတမ်း အထောက်အထား ပြည့်စုံမှန်ကန်မှုရှိမရှိကိုအခြားသော သက်သေအထောက်အထားများပုံစံဖြင့် စစ်ဆေးနိုင်ရမည်။

- **လေ့လာသုံးသပ်ရမည့်အထောက်အထားများ** တွင် အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၊ သက်ဆိုင်ရာဒေသများ၏ အခြေအနေများကို လေ့လာကြည့်ရှုခြင်း၊ ခရီးစဉ်နှင့် လှုပ်ရှားဆောင်ရွက်ခြင်းများပါဝင်သည်။
- **အင်တာဗျူး အထောက်အထားများ** တွင် ဖြေဆိုသူများမှ စံနှုန်းများမှာ အမှန်တကယ် ထိရောက်အောင်မြင်ကြောင်း တင်ပြချက်များ၊ ရရှိလာသော သတင်းအချက်အလက်များကို အခြားသော သက်သေအထောက်အထားများပုံစံတွင် မည်သည့်အခါတွင်မဆို ထောက်ပံ့ပေးနိုင်ရမည်။
- **ဓါတ်ပုံအထောက်အထားများသည်** လေ့လာသုံးသပ်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ရုံ သာမက ပြောင်းလဲမှုအနေအထားများ၊ မှုမမှန်သော ဖြစ်ရပ်အနေအထားများနှင့် လက်တွေ့ကျင့်သုံးနေမှုများကိုလည်း ထောက်ပြပေးနိုင်သည်။

## ၃.၃ လိုက်နာရမည့် စံသတ်မှတ်ချက်များ၏ အဆင့်အနေအထား

လိုက်နာရမည့် စံသတ်မှတ်ချက်များ၏ အဆင့်အနေအထားများကို အတိုင်းအတာ (၃)ခုဖြင့် အဓိကထား သတ်မှတ်ရမည်။ ၎င်းတို့မှာ အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ခြင်း၊ တစ်စိတ်တစ်ဒေသ လိုက်နာဆောင်ရွက်နိုင်ခြင်းနှင့် လိုက်နာဆောင်ရွက်နိုင်မှုမရှိခြင်းတို့ဖြစ်ပြီး သတ်မှတ်ချက်အနေအထားနှင့် ကိုက်ညီမှုမရှိသည့် ညွှန်ပြချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၁။ **အပြည့်အဝလိုက်နာဆောင်ရွက်နိုင်ခြင်း** သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား သေချာစေရန်အတွက် လုံလောက်သည့်အထောက်အထားရှိခြင်း။

၂။ **တစ်စိတ်တစ်ဒေသ လိုက်နာဆောင်ရွက်နိုင်ခြင်း** သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား သေချာစေရန်အတွက် လုံလောက်သည့်အထောက်အထားများမရှိခြင်း၊ အထောက်အထားများ ထပ်မံလိုအပ်နေခြင်း။

- **တစ်စိတ်တစ်ဒေသ လိုက်နာဆောင်ရွက်နိုင်မှု** သည် မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ပါဝင်သည်။ ဥပမာအားဖြင့် ဒေသခံနေအိမ်များတွင် တည်းခိုနေထိုင်ရန်ဝန်ဆောင်မှုပေးသူများနှင့် ဧည့်လမ်းညွှန်တစ်ဦးထက်မက ရှိနေခြင်းတို့ဖြစ်သည်။

• **အနိမ့်ဆုံး လိုက်နာဆောင်ရွက်နိုင်မှု** တွင် မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် ကဏ္ဍအားလုံးသည် သတ်မှတ်ထားသော စံသတ်မှတ်ချက်များကို မပြည့်မီနိုင်သော်လည်း တစ်စိတ်တစ်ဒေသ လိုက်နာဆောင်ရွက်နိုင်ရမည်။
• **အကောင်းဆုံး ဆောင်ရွက်နိုင်မှုတွင်** ကဏ္ဍအသီးသီး၏ ၈၀% သည် သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့်ကိုက်ညီပါ က အပြည့်အဝ လုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။

**၃။ လိုက်နာဆောင်ရွက်နိုင်မှုမရှိခြင်း** သတ်မှတ်ထားသည့်စံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား သေချာစေရန်အတွက် အထောက်အထားများမရှိခြင်း၊ အထောက်အထားများ / လုပ်ဆောင်ချက်များ ပိုမိုလိုအပ်ခြင်း။

**၄။ ဒေသအနေအထားနှင့် ကိုက်ညီမှုမရှိခြင်း** မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်းစတင်ဖော်ဆောင်ရန်အတွက် စံသတ်မှတ်ချက်များ ကိုက်ညီမှုမရှိခြင်း။

## ၃.၄ အကောင်အထည်ဖော်ဆောင်ရွက်မှုရလဒ်များ

မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့အား ကိန်းဂဏန်းဆိုင်ရာအချက်အလက်များဖြင့် စုစည်းတွက်ချက်၍ ရလဒ်များကိုသတ်မှတ်ထားသည်။
• **မှတ်ပုံတင်ထားသော လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်း** - အနိမ့်ဆုံး လိုက်နာဆောင်ရွက်နိုင်မှု စံညွှန်း ၅၀ % ပြည့်မီလျှင် လူထုအခြေပြု ခရီးသွားလုပ်ငန်းကို အပြည့်အဝ စတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။ အမြင့်ဆုံးစံညွှန်းကို ပြည့်မီရန် မလိုအပ်ပါ။
• **အတည်ပြုထားသော လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်း** - အနိမ့်ဆုံး လိုက်နာဆောင်ရွက်နိုင်မှု စံညွှန်း ၇၀ % နှင့် အမြင့်ဆုံးလိုက်နာဆောင်ရွက်နိုင်မှု စံညွှန်း ၃၀ % ပြည့်မီရမည်။
• **အသိအမှတ်ပြု လက်မှတ်များရရှိထားသော လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်း** - အနိမ့်ဆုံး လိုက်နာဆောင်ရွက်နိုင်မှု စံညွှန်း ၉၀ % နှင့် အမြင့်ဆုံးလိုက်နာဆောင်ရွက်နိုင်မှုစံညွှန်း ၅၀ % ပြည့်မီရမည်။

**မှတ်ချက်။** ။ မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း (၁) မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံများထံသို့ ရောက်ရှိအောင်ကူညီနိုင်ရန်၊ (၂)အသုံးဝင်သောအထောက်အထားများကို မှတ်တမ်းတင်ရန်နှင့် (၃) မြန်မာနိုင်ငံလူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များကို ဆန်းစစ်၍ ရရှိလာသောရလဒ်များကိုမှတ်တမ်းတင်ရန်နှင့် အကဲဖြတ်သုံးသပ်ရန်တို့အတွက် အသုံးပြုရမည့် အထောက်အကူပြုကိရိယာများနှင့်အရင်းအမြစ်များကို တိုးတက်ဖွံ့ဖြိုးအောင် တစ်ပါတည်းဆောင်ရွက်သွားရမည်။



## အပိုင်း (ခ) မြန်မာနိုင်ငံလူထုအခြေပြု ခရီးသွားလုပ်ငန်းစံသတ်မှတ်ချက်များ

### စံသတ်မှတ်ချက်အုပ်စု (၁) ရေရှည်တည်တံ့ခိုင်မြဲ၍ ထိရောက်မှုရှိသော စီမံခန့်ခွဲမှု

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသ အနေအထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၁.၁ | ဒေသခံလူထုပါဝင်သည့် လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုသည်မှာ ထိရောက်စွာ အကြံပြုခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အပါအဝင် လွတ်လပ်စွာဆောင်ရွက် နိုင်သော သဘောတူညီမှုအပေါ် တွင် အခြေခံရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် နည်းလမ်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများသတ်မှတ်ရာတွင် ရပ်မိရပ်ဖများ၊ ဒေသခံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များပါဝင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုရိပ်သာဝန်ဆောင်မှုများ အပါအဝင် လူထုအခြေပြုခရီးသွားလုပ်ငန်း လုပ်ဆောင်ရန်အတွက် တရားဝင်ခွင့်ပြုချက်ရရှိ မှသာ စတင်လုပ်ဆောင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၄(က)<br><br>၁.၄(ခ) | လူထုအခြေပြုခရီးသွားလုပ်ငန်းစတင်ဆောင်ရွက်မည့် မြေယာကိစ္စရပ်များအား ဒေသခံလူထုနှင့် ညှိနှိုင်း၍ ဆွေးနွေးဆုံးဖြတ်ရမည် ။<br>ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံလူထုတို့အကြား ဖက်စပ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် မြေယာပိုင်ဆိုင်မှုပြဿနာများနှင့် ပတ်သက်၍ ဒေသခံလူထု၏ ထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်ထားသည့် မြေယာကိစ္စ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ရပ်များကို အလွန်အမင်းမထိန်းချုပ်ဘဲ ၎င်းတို့၏မြေယာပိုင်ဆိုင်မှုနှင့် မြေယာ အသုံးချမှု ကို နှစ်ဦးသဘောတူ ပူးပေါင်းချမှတ်ထားရှိပြီ ဖြစ်ရမည်။ | | | | | |
| ၁.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီမှ ရွေးချယ်ထားသည့် ဒေသခံအဖွဲ့ ဝင်များသည် လူထုအခြေပြုခရီးသွားလုပ်ငန်းကို အများဆုံးသက်တမ်း (၄) နှစ် စီမံ ခန့်ခွဲရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၆ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီတွင် ရှင်းလင်းသော စီမံခန့်ခွဲမှုပုံစံ ရှိပြီး တိတိကျကျ သတ်မှတ်အမည်ပေးထားသော တာဝန်ရှိသည့် အဖွဲ့ဝင်ဝန်ထမ်း များရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၇ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီ၏ အနိမ်ဆုံးရှိရမည့် တာဝန် ဝတ္တရားများတွင် အုပ်ချုပ်ကွပ်ကဲခြင်း၊ အရည်အသွေးပြည့်မီသည့် ဝန်ဆောင်မှု ရှိခြင်း၊ အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီးအန္တရာယ်ကင်းခြင်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံလူထုရန်ပုံငွေအပါအဝင် ဘဏ္ဍာရေးကိစ္စရပ် များတွင် ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ ပါဝင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၈ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီ၏ အဆင့်မြင့်တာဝန်၊ ဝတ္တရားများ တွင် လူထုအခြေပြုခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်းအပါအဝင် လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးသူများကို သင်တန်းပေးခြင်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများကို စောင့်ကြည့်လေ့လာ ခြင်း နှင့် စီမံ ခန့်ခွဲခြင်း တို့ပါဝင်ရမည်။ | အမြင့်ဆုံး | | | | |
| ၁.၉ | လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီတွင် စာဖြင့်ရေးသား ဖော်ပြထား သော ရှင်းလင်းသည့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများ၊ အစီအစဉ်များ၊ ဈေးနှုန်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများ ရှိရ မည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် ဒေသခံဧည့်လမ်းညွှန်များသည် လူထုအခြေပြုခရီးသွားလုပ်ငန်း အစပြုတည်ထောင်ခဲ့ရသည့် ရည်ရွယ်ချက်များ၊ သမိုင်းကြောင်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်များ၊ ဝန်ဆောင်မှုများနှင့် ဈေးနှုန်းများအကြောင်းကို ရှင်းပြနိုင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၁ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် ချမှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများအား ကမ္ဘာလှည့်ခရီးသွားများနှင့် ဒေသခံလူထုအားလုံးကို အသိပေး ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၂ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီတွင် ဒေသခံလူထုအားလုံးအသုံးပြုနိုင်သော ရိုးရှင်းသည့် ၁၂ လတာလုပ်ငန်းအစီအစဉ် တစ်ခုရှိရမည်။ | အမြင့်ဆုံး | | | | |
| ၁.၁၃ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီတွင် ခရီးသည်များ၏ လာရောက်လည်ပတ်မှုများကို မှတ်တမ်းတင်သည့် ကြိုတင်မှာ ကြားနေရာရယူသည့်စနစ်တစ်ခုရှိရမည်။ ဤစနစ်တွင် - ခရီးစဉ်နေ့ရက်၊ ခရီးသွားဧည့်သည် အရေအတွက်၊ ကြိုတင်ချိတ်ဆက်ထားသော ခရီးသွားဝန်ဆောင်မှု အစီအစဉ်များ၊ ခရီးသည်များ၏ တောင်းဆိုချက်များ၊ ခရီးသွားလုပ်ငန်းများနှင့် ကျွမ်းကျင်သော ဧည့်လမ်းညွှန်များ၏ အမည်နှင့်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပါရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၄ | လူထုအခြေပြုခရီးသွားလုပ်ငန်းတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့ဝင်များ အသုံးပြုနိုင်သော ရှင်းလင်းတိကျသည့် အဆင့်မြင့် စာရင်းကိုင်စနစ်တစ်ခုရှိ ရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၅ | လူထုအခြေပြုခရီးသွားလုပ်ငန်း တွင် မိုလ်ဘိုင်းဖုန်း၊ အီးမေးလ်၊ သို့မဟုတ် လူမှုကွန်ရက်တို့မှ လွယ်လင့်တကူဆက်သွယ်နိုင်မည့် ညှိနှိုင်းဆောင်ရွက်သူတစ်ဦးရှိရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁.၁၆ | လူထုအခြေပြုခရီးသွားလုပ်ငန်း ညှိနှိုင်းဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသူများကို ခရီးစဉ်မှာကြားမှုများအား လက်ခံခြင်းနှင့် ခရီးသွားဧည့်သည်များကို ကြိုဆိုရန် ကြိုတင်အသိပေး အကြောင်းကြားထားရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၇ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် ဝန်ဆောင်မှုပေးသူများကို ၎င်းတို့၏ စွမ်းဆောင်မှုအရည်အသွေး မြင့်မားစေရန် သက်ဆိုင်ရာလုပ်ငန်းတာဝန်များအလိုက်သင်တန်းများ ပို့ချထားရမည်။ | အနိမ့်ဆုံး | | | | |
| ၁.၁၈ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီဝင်များသည် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရန်အတွက် လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်နှင့် ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရန် တက်တက်ကြွကြွဆောင်ရွက်ပေးရမည်။ | အမြင့်ဆုံး | | | | |
| ၁.၁၉ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် လူထုအခြေပြုခရီးသွားလုပ်ငန်း၏ တိုးတက်မှုအပေါ် ခြုံငုံသုံးသပ်ရန်၊ အကြံဉာဏ်များ မျှဝေရန်၊ အကြံပြုသုံးသပ်ချက်များကို နားထောင်ရန်နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်သစ်များကို ဖိတ်ခေါ်ရန်အတွက် ဒေသခံလူထုအားလုံးနှင့် အနည်းဆုံး တစ်နှစ် နှစ် ကြိမ် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်မည်။ | အနိမ့်ဆုံး | | | | |
| ၁.၂၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် ဒေသခံလူထုအပြင် အခြားခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁.၂၁(က)<br><br>၁.၂၁(ခ) | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် အရေးကြီးသော ဝန်ဆောင်မှုများအားလုံး (ဥပမာ- အစားအသောက်၊ တည်းခိုရန်နေရာ၊ ဒေသခံဧည့်လမ်းညွှန်များစသည့်) အကျုံးဝင်သည့် ဧည့်သည်များ၏ အကြံပြုသုံးသပ်ချက်များ (ဥပမာ- ဧည့်စာရင်းစာအုပ်များ၊ အကြံပြုသုံးသပ်ချက်ပုံစံများအား အသုံးပြုခြင်း) ကို စနစ်တကျစုစည်းထားရှိရမည်။<br>လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဧည့်သည်များ၏ အကြံပြုသုံးသပ်ချက်များကို စနစ်တကျ စုဆောင်းရမည်။ (ဥပမာ - ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှုများကိုအနည်းဆုံး ဖြစ်အောင်လျှော့ချ၍ အကျိုးဖြစ်ထွန်းစေမှုများကိုအများဆုံးရရှိစေရန်ပြုလုပ်ခြင်း) | အနိမ့်ဆုံး | | | | |
| ၁.၂၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ဆောင်မှုပေးသူများကို ၎င်းတို့၏လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သည့် ခရီးသွားလုပ်ငန်း၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ကောင်းကျိုးနှင့် ဆိုးကျိုးများ ကို နားလည်ပြီး စီမံခန့်ခွဲနိုင်ရန် သင်တန်းများ ပို့ချထားရမည်။ | အမြင့်ဆုံး | | | | |
| ၁.၂၃ | သဘာဝပတ်ဝန်းကျင်၊ လူမှု-ယဉ်ကျေးမှု၊ စီးပွားရေးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် လူ့အခွင့်အရေးများအပေါ် လူထုအခြေပြုခရီးသွားလုပ်ငန်း၏ သက်ရောက်မှုများကို လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီမှ စောင့်ကြည့်လေ့လာစစ်ဆေး၍ ရလဒ်များကို ပုံမှန်အစည်းအဝေးများတွင် ဒေသခံလူထုအားလုံးကို တင်ပြရမည်။ | အမြင့်ဆုံး | | | | |
| ၁.၂၄ | လူထုအခြေပြုခရီးသွားလုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းသတ်မှတ်ထားခြင်း မရှိသေးသည့် ထိခိုက်ပျက်စီးလွယ်သော ပတ်ဝန်းကျင်အနေအထားများ ၊ ယဉ်ကျေးမှုနယ်မြေများနှင့် ပတ်သက်၍ ဒေသခံလူထုမှ ရှာဖွေဖော်ထုတ်သတ် | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | မှတ်ထားရမည်။ | | | | | |
| ၁.၂၅ | ထိခိုက်ပျက်စီးမှုအတန်အသင့်ဖြစ်နိုင်သည့်နေရာများတွင် အများဆုံးသွားရောက်နိုင်မည့် ဧည့်သည်အရေအတွက်ကို သတ်မှတ်ထားပြီး ခရီးသွားလုပ်ငန်း၏ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချ နိုင်မည့် စီမံခန့်ခွဲသည့် စနစ်များထားရှိရမည်။ | အမြင့်ဆုံး | | | | |
| ၁.၂၆ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် နောက်ဆုံးတိုးတက်မှုအခြေအနေများကို ဆွေးနွေးရန်၊ အကြံပြုချက်များကို ပြန်လည်သုံးသပ်ရန်၊ လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြဿနာများကိုဖြေရှင်းရန်အတွက် အသင်းအဖွဲ့တစ်ခုအနေဖြင့် အနည်းဆုံး (၂) လ တစ်ကြိမ် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရမည်။ | အမြင့်ဆုံး | | | | |

စံသတ်မှတ်ချက်အုပ်စု (၂) ဒေသခံလူထုအတွက် လူမှု-စီးပွား အကျိုးကျေးဇူးများကို အများဆုံးရရှိစေပြီး ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံး ဖြစ်အောင် လျှော့ချခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသ အနေ အထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၂.၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးသူ တစ်ဦးချင်းစီအတွက် ဝင်ငွေရရှိစေရန် အခွင့်အလမ်းများကို စနစ်တကျ ခွဲဝေပေးရမည်။ (ဥပမာ - အလှည့်ကျ/ စောင့် ဆိုင်းစနစ်) | အနိမ့်ဆုံး | | | | |
| ၂.၂ | ဒေသခံနေအိမ်များတွင်တည်းခိုနေထိုင်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ၏အနည်းဆုံး (၁၀) % ကို လူထုအခြေပြုခရီးသွားလုပ်ငန်း ရန်ပုံငွေအဖြစ်ထားရ ပါမည်။ ထိုရန်ပုံငွေကို ဒေသ၏ လိုအပ်ချက်အပေါ် အခြေခံ၍ ဒေသဖွံ့ဖြိုးရေး အစပြုလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်ပါသည်။ ဒေသခံနေအိမ်များတွင် တည်းခိုနေ ထိုင်ခြင်းသည် ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်လျက်ရှိသည်။ | အနိမ့်ဆုံး | | | | |
| ၂.၃ | လူထုအခြေပြု ခရီးသွားလုပ်ငန်းကော်မတီသည် ညှိသည်အရေးအတွက်၊ ဝင်ငွေ (စုစုပေါင်းဝင်ငွေနှင့် အစီအစဉ်/ ဝန်ဆောင်မှုတစ်ခုစီမှရသည့်ဝင်ငွေ) အပြင် လူထုအခြေပြုခရီးသွားလုပ်ငန်း ရန်ပုံငွေစသော အချက်အလက်များကို တိတိကျကျ ကောက်ခံရမည်။ | အနိမ့်ဆုံး | | | | |
| ၂.၄ | ဧည့်သည်အရေအတွက်နှင့်ဝင်ငွေစာရင်းကို လူထုအခြေပြုခရီးသွားလုပ်ငန်း | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ကော် မတီ သို့ အနည်းဆုံး လစဉ်အစီရင်ခံရမည်။ ဒေသခံလူထုအားလုံးကိုလည်း အနည်းဆုံး နှစ်စဉ် အစီရင်ခံရမည်။ | | | | | |
| ၂.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်း ရန်ပုံငွေကိုမည်သို့မည်ပုံအသုံးချဆောင်ရွက်မည်ဆိုသော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အနည်းဆုံးတစ်နှစ်လျှင် တစ် ကြိမ် ဒေသခံလူထု အားလုံး နှင့် ဆွေးနွေးတိုင်ပင်ရမည်။ (ဥပမာ - နှစ်ပတ်လည်အစည်းအဝေးများ) | အနိမ့်ဆုံး | | | | |
| ၂.၆ | လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီသည် ရပ်ရွာဒေသတစ်ခုလုံးမှ ထုတ်လုပ်သည့်ဒေသထွက်ကုန်များနှင့်ဝန်ဆောင်မှုများကို အတတ်နိုင်ဆုံး အသုံးပြုရမည်။ | အနိမ့်ဆုံး | | | | |
| ၂.၇ | ခရီးသွားဧည့်သည်များသည် ဒေသခံလူထုအဖွဲ့များနှင့်စီးပွားရေးလုပ်ငန်း စတင်ဖော်ဆောင်သူများထံမှ ဒေသထုတ်အမှတ်တရပစ္စည်းများကို ဝယ်ယူနိုင်သည့် အခွင့်အလမ်း များရှိမည်။ | အနိမ့်ဆုံး | | | | |
| ၂.၈ | လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီသည် ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်မှု အစပျိုးနိုင်ရန် စီးပွားရေးမိတ်ဖက်များ၊ ခရီးသွားဧည့်သည်များနှင့် ပြည်သူလူထုများမှ ငွေ/အလားတူထည့်ဝင်မှုများ ပါဝင်နိုင်ရန်အတွက် ကူညီပေးရမည့်အပြင် လှူဒါန်းမှုများအား စနစ်တကျထင်သာမြင်သာရှိအောင် မှတ်တမ်းရယူထားရမည်။ | အနိမ့်ဆုံး | | | | |
| ၂.၉ | ဒေသခံအမျိုးသမီးများ၊ လူငယ်များ၊ လူကြီးသူမများနှင့် မသန်စွမ်းသူများသည်လည်း လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးသူများအဖြစ် အခွင့်အလမ်းများရှိရ မည်။ | အမြင့်ဆုံး | | | | |
| ၂.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်မှုများတွင် ကျား-မ သာတူညီမျှမှု | အမြင့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ကိုမြှင့် တင်ပေးရပါမည်။ လူထုအခြေပြုခရီးသွားလုပ်ငန်း၏ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှု ပေးခြင်းတို့တွင် ကျား-မ သာတူညီမျှမှုကို အခြေခံ၍ အမျိုးသမီး အရေအတွက် အနည်း ဆုံး ၄၀ % ပါဝင်သည်။ | | | | | |
| ၂.၁၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း အစပြုလုပ်ကိုင်ရာတွင် ကလေးလုပ်သား များအ ပေါ် ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးနှင့် လိင်ဖျော်ဖြေရေး ခရီးသွား လုပ်ငန်းများ စပ်လျဉ်းသည့်ထိရှလွယ်သော အကြောင်းအရာများအား တင်းကျပ်စွာတား မြစ်ထားပြီး ဆက်စပ်စည်းမျဉ်း ဥပဒေများကို အများပြည်သူထံ သို့ ထုတ်ပြန်အသိပေး ရမည်။ | အနိမ့်ဆုံး | | | | |
| ၂.၁၂(က) | လူထုအခြေပြုခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြသည့် ကလေးငယ် များကို အန္တရာယ်ဖြစ်စေခြင်း (သို့မဟုတ်) ၎င်းတို့၏ ပညာရေးကဏ္ဍအား ထိခိုက် စေခြင်းများ မဖြစ်စေရပါ။ | အနိမ့်ဆုံး | | | | |
| ၂.၁၂(ခ) | ၂.၁၂ (က) အချက်နှင့်ပတ်သက်သည့် စည်းမျဉ်းဥပဒေများကို အများပြည်သူထံသို့ ထုတ် ပြန်အသိပေးရမည်။ | အမြင့်ဆုံး | | | | |
| ၂.၁၃ | လူထုအခြေပြု ခရီးသွားလုပ်ငန်းသည် ဒေသခံလူထုများ (သို့မဟုတ်) အနီး ပတ်ဝန်းကျင်လူထုများအား သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများသို့ သွား ရောက် ခြင်းများနှင့် ကြည့်ရှုခြင်း များအား တားမြစ်ခြင်း မပြုရပါ။ | အနိမ့်ဆုံး | | | | |
| ၂.၁၄ | လူထုအခြေပြု ခရီးသွားလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ဝန်ဆောင်မှုပေး သူများသည် ဒေသခံလူထုဖွံ့ဖြိုးရေးကို ထောက်ပံ့ကူညီရန် စေတနာ့ဝန်ထမ်းများ အဖြစ် လုပ်ဆောင်နိုင်သည်။ | အမြင့်ဆုံး | | | | |

## စံသတ်မှတ်ချက်အုပ်စု (၃) ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုများ၊ကိုယ်ပိုင်လက္ခဏာများ၊အမွေအနှစ်များ နှင့်ခမ်းနားထည်ဝါမှုများကို တန်ဖိုးထား မြှင့်တင်ပေးခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေအ ထားနှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၃.၁ | ရှေးဟောင်းယဉ်ကျေးမှု၊ သမိုင်းဝင်သောကိုးကွယ်မှုဆိုင်ရာများနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းဆိုင်ရာနေရာများကို တန်ဖိုးထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည် ထူထောင် ရန်လူထုအခြေပြုခရီးသွားလုပ်ငန်း မှ ပါဝင်ကူညီရမည်။ | အနိမ့်ဆုံး | | | | |
| ၃.၂ | ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာနေရာဒေသများကို ကာကွယ်ထိန်းသိမ်းရန် ရိုးရှင်းသော ဧည့်စီမံခန့်ခွဲမှုစနစ် တစ်ခုထားရှိရမည်။ (ဥပမာ- ယဉ်ကျေးမှု ဓလေ့နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ဇုန်များနှင့် ခရီးသွားဧည့်သည်များအတွက် ကန့်သန့်ထား သည့် နယ်ပယ်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားခြင်း၊ ခရီးသည်များ အရေအ တွက်နှင့် ရာသီအနေအထားအရ ကန့်သတ် ထားခြင်း) | အနိမ့်ဆုံး | | | | |
| ၃.၃ | ဒေသခံလူထုတို့မှ တန်ဖိုးထားသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထုံးတမ်းစဉ်လာ များကို ဖော်ထုတ်၊ စုဆောင်း၊ မှတ်တမ်းတင်ပြီး ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ | အနိမ့်ဆုံး | | | | |
| ၃.၄ | ဧည့်သည်များအား ဒေသဆိုင်ရာယဉ်ကျေးမှုဓလေ့များအကြောင်းကို အသိပေးခြင်းနှင့် ဒေသသို့ရောက်ရှိချိန် ဒေသထုံးတမ်းများနှင့်အညီ သင့်လျော်အောင် မည်သို့ပြုမူနေထိုင် ရမည်ကို အကြံပေးရမည်။ (ဥပမာ - ဧည့်သည်ကို ကြိုဆိုချိန်တွင် ရှင်းလင်းပြော ကြားခြင်း /ဆောင်ရန်၊ ရှောင်ရန်များ) | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၃.၅ | ဒေသခံလူထုအတွင်း ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ဆောင်ရန်၊ ရှောင်ရန်များကို သိရှိလာစေရန် လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်များမှ နမူနာကောင်းများ ပြ၍ဦးဆောင်ဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၃.၆ | ဧည့်သည်များ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်စေရန် လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များကို သင်တန်းများ ပို့ချထားရမည်။ | အမြင့်ဆုံး | | | | |
| ၃.၇ | ဒေသခံများမှ ဧည့်သည်များအား ဒေသဆိုင်ရာ ယဉ်ကျေးမှုသွင်ပြင်လက္ခဏာများကို ဂုဏ်ယူဝံ့ကြွားစွာနှင့် အဆင်ပြေချောမွေ့စွာ မျှဝေရာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းစဉ်များကို အခြေခံ၍ ဆောင်ရွက်ရမည်။ (ဥပမာ- ယဉ်ကျေးမှုအမွေအနှစ်များကို တင်းကျပ်စွာတားမြစ်ထားခြင်း (သို့မဟုတ်) ထိရှလွယ်သည့်ကိစ္စရပ်များကိုမစဉ်းစားရန်) | အနိမ့်ဆုံး | | | | |
| ၃.၈ | ဒေသဆိုင်ရာ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဒေသခံဧည့်လမ်းညွှန်များမှ သက်ဆိုင်ရာ ဒေသခံအဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေး၍ တိကျမှန်ကန်စွာတစ်သမတ်တည်း ရှင်းလင်းတင်ပြရမည်။ (ဥပမာ - ဒေသ၏ကိုးကွယ်ယုံကြည်မှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်များ၊ လူကြီးသူမများ) | အနိမ့်ဆုံး | | | | |
| ၃.၉ | ဧည့်သည်များသည် ဒေသခံများနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရသည့် လှုပ်ရှားမှုများတွင် ယဉ်ကျေးမှုဖလှယ်နိုင်သည့် အခွင့်အလမ်းများရှိသည်။ | အမြင့်ဆုံး | | | | |
| ၃.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းစဉ်များတွင် နောင်လာနောင်သားများအား ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းပြီး လူငယ်များအား တက်ကြွစွာပါဝင်စေရမည်။ | အမြင့်ဆုံး | | | | |
| ၃.၁၁ | အဆောက်အဦးသစ်များ တည်ဆောက်ခြင်း (သို့မဟုတ်) မွမ်းမံပြင်ဆင်ခြင်းနှင့် အလှဆင်ခြင်းများ ပြုလုပ်ရာတွင် ဒေသထွက်ပစ္စည်းများကို အသုံးပြုပြီး ရိုးရာ ယဉ်ကျေးမှုနှင့် | အမြင့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လိုက်လျောညီထွေရှိသော ဗိသုကာ လက်ရာများဖြစ်ပါက ပိုမိုသင့်လျော်မည်။ | | | | | |
| ၃.၁၂ | လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်များသည် ရှားပါးသော ယဉ်ကျေးမှုအမွေအနှစ် လက်ရာပစ္စည်းများကို ရောင်းချခြင်း မပြုရ။ | အနိမ့်ဆုံး | | | | |



## စံသတ်မှတ်ချက်အုပ်စု (၄) သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၄.၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီများနှင့် အဖွဲ့ဝင်များသည် တားမြစ်ထားသော တောရိုင်းတိရိစ္ဆာန်များနှင့် သစ်တောထွက်ပစ္စည်းများ လက်ဆောင်ပေးခြင်း၊ ခင်းကျင်းပြသခြင်း၊ ကုန်သွယ်ရောင်းချခြင်း၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများကိုလိုက်နာကြရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၂ | သဘာဝအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးလွယ်သည့်နေရာများ၊ ဒေသခံလူထုအတွက် အထင်ကရဖြစ်သောနေရာများ/ ဒေသခံများနှင့်ဆက်နွယ်မှုရှိသောနေရာများကို ရှာဖွေ မှတ်တမ်းတင်ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီမှ သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းကာကွယ်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို သတ်မှတ်ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၄ | သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုကို လျှော့ချနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို စောင့်ကြည့်လေ့လာနိုင်ရန်နှင့် စီမံခန့်ခွဲနိုင်မည့် စနစ်တစ်ခုထားရှိရမည်။ (ဥပမာ-ဆောင်ရန်၊ ရှောင်ရန်များ၊ ခရီးသွားဧည့်သည်များအတွက် သတ်မှတ်ထားသော ဇရိယာများ၊ ထိခိုက်ပျက်စီး | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လွယ်သည့်ဒေသများသို့ သွားရောက်ခွင့်ပြုနိုင်သည့် ခရီးစဉ်နှင့် ဧည့်သည်အရေအတွက် ကန့်သတ်ခြင်း၊ ခွင့်ပြုထားသော ခရီးသွားလှုပ်ရှားမှုများတွင် လည်ပတ်ရန် အချိန်ကာလ၊ ခရီးစဉ်အမျိုးအစားများ၊ ခရီးစဉ်အပိုင်းအခြားများကို သတ်မှတ်ထားခြင်း) | | | | | |
| ၄.၅ | ဒေသခံဧည့်လမ်းညွှန်များသည် ရပ်ရွာဒေသရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များအား ခရီးသွားဧည့်သည်များထံ ထိထိရောက်ရောက် အသိပေး နိုင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၆ | လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များမှ သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်၍ ဒေသခံလူထုအတွင်း၌ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးမှုများကို ဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၇ | သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လူထုအခြေပြုခရီးသွားလုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ပြီး ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးရမည်။ | အမြင့်ဆုံး | | | | |
| ၄.၈ | လူထုအခြေပြုခရီးသွားလုပ်ငန်းစဉ်များသည် ခရီးသွားဧည့်သည်များကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများအကြောင်း လေ့လာနိုင်ရန် (သို့မဟုတ်) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် လက်တွေ့ပါဝင်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ | | | | | |
| ၄.၉ | ဒေသခံဧည့်လမ်းညွှန်များသည် ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်အကြားဆက်နွယ်မှုနှင့် သဘာဝပတ်ဝန်းကျင် အကြောင်းကို စိတ်အားထက်သန်စွာဖြင့် သရုပ်ဖော်ရှင်းလင်း တင်ပြနိုင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ | အမြင့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄.၁၁ | ခရီးသွားလုပ်ငန်းစဉ်များသည် တောရိုင်းတိရိစ္ဆာန်များကို အနှောင့်အယှက် မဖြစ်စေရ။ | အနိမ့်ဆုံး | | | | |
| ၄.၁၂ | ခရီးသွားဧည့်သည်များအား မျိုးသုဉ်းပျောက်ကွယ်လုနီးပါး တောရိုင်းတိရိစ္ဆာန်များနှင့် အပင်များကို စားသုံးခြင်း၊ လက်ဆောင်ပစ္စည်းများ အဖြစ်ရောင်းချခြင်းတို့ကို မည့်သည့်အခါမှ မပြုလုပ်ရပါ။ လူထုအခြေပြုခရီးသွားလုပ်ငန်းရှိ ကြိုဆိုဧည့်ခံရာနှင့် တည်းခိုရာ နေရာများတွင်လည်း အလှဆင်ပစ္စည်းများ အဖြစ် အသုံးမပြုရပါ။ | အနိမ့်ဆုံး | | | | |
| ၄.၁၃ | ရေသုံးစွဲမှု အလေအလွင့်မဖြစ်စေရန် လမ်းညွှန်ချက်များထားရှိပြီး လူထုအခြေပြု ခရီးသွားလုပ်ငန်း အဖွဲ့ဝင်များမှ ဦးဆောင်၍ ရေကို ချွေတာစွာ သုံးစွဲရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၁၄ | လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များသည် လူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ဆားအန္တရာယ်များကို အနည်းဆုံးလျှော့ချနိုင်သည့် ရေဆိုးထုတ် ရေနုတ်မြောင်း/ စွန့်ပစ်ရေ ပြန်လည်သုံးစွဲမှု/ ရေဆိုး သန့်စင်မှု/ ထုတ်လွှတ်မှုစသည့် ဒေသနှင့်ကိုက်ညီသောနည်းလမ်းများကို အသုံးပြု ရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၁၅ | အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ လွှင့်ပစ်ခြင်းကို ထိထိရောက်ရောက် တားဆီးရမည်။ (ဥပမာ -သန့်စင်ထားသည့် ရေကို ရေပုလင်းထဲတွင် ပြန်ဖြည့်အသုံးပြု ခြင်း) | အမြင့်ဆုံး | | | | |
| ၄.၁၆ | စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားခြင်း၊ ပြန်လည်အသုံးပြုခြင်း နှင့် ပြန်လည်အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း၊ ဇီဝစွန့်ပစ်ပစ္စည်းများကို မြေသြဇာပြုပြင်ရန် (သို့) တိရိစ္ဆာန် အစာများအဖြစ် အသုံးပြုရမည်။ | အမြင့်ဆုံး | | | | |
| ၄.၁၇ | လူထုအခြေပြုခရီးသွားလုပ်ငန်း ခရီးစဉ်ဒေသတစ်ဝိုက်တွင် ခရီးသွားဧည့်သည်များအား အမှိုက်ပုံးများကိုအသုံးပြုရန် အသိပေးဆိုင်းဘုတ်များနှင့်အတူ အမှိုက်ပုံးများ လုံလောက်စွာ ထားရှိရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄.၁၈ | မော်တော်ယာဉ်ဖြင့်သွားရောက်နိုင်သောဒေသများတွင် မော်တော်ယာဉ်များကြောင့် ဒေသခံများ စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ဆူညံမှုနှင့် လေထုညစ်ညမ်းမှုဖြစ်ခြင်းတို့မှ ရှောင်ရှားနိုင်ရန်အတွက် ရှင်းလင်းသော သတိပေးဆိုင်းဘုတ်များနှင့်အတူ မော်တော်ယာဉ်ရပ်နားရန်နေရာ ရှိရမည်။ | အမြင့်ဆုံး | | | | |
| ၄.၁၉ | လူထုအခြေပြုခရီးသွားလုပ်ငန်း ဧရိယာများတွင် ကာဗွန်ထုတ်လွှတ်မှုနည်းသော ပစ္စည်းများကို အသုံးပြုရ မည်။ (ဥပမာ - နေရောင်ခြည်စွမ်းအင်) | အမြင့်ဆုံး | | | | |
| ၄.၂၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် သဘာဝပစ္စည်းများနှင့်ပြုလုပ်ထားသော ဒေသထွက်ကုန်များကို ပံ့ပိုးပေးပြီး ရှားပါးတိရိစ္ဆာန်များဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများအား ပိတ်ပင်တားဆီးရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၂၁ | သဘာဝပစ္စည်းများနှင့် ပြုလုပ်ထားသော ထုတ်ကုန်များကို ခရီးသွားဧည့်သည်များ လွယ်လင့်တကူ ဝယ်ယူနိုင်ရန် ဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၄.၂၂ | ခရီးသွားလုပ်ငန်းနေရာများနှင့် အဆောက်အဦးများကို အလှဆင်ရန် ဒေသတွင်းရှိ သဘာဝပစ္စည်းများ၊ အနုပညာလက်ရာများကို အသုံးပြုရမည်။ | အနိမ့်ဆုံး | | | | |

## စံသတ်မှတ်ချက်အုပ်စု (၅) ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစေခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၅.၁(က) | လူထုအခြေပြု ခရီးသွားလုပ်ငန်း အဖွဲ့ဝင်များကို ဧည့်ဦးသူနာပြုစုခြင်း၊ အန္တရာယ် ဖြစ်နိုင်ချေ ရှိမရှိ ဆန်းစစ်ခြင်း (မီးဘေးအပါအဝင်)၊ ဘေးအန္တရာယ် ကင်းရှင်းရေး အစီအစဉ်များနှင့် ပတ်သက်သည့် သင်တန်းများကို ပို့ချပေးထားရမည်။ လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီမှလည်း ဘေးအန္တရာယ် ကင်းရှင်းရေးကို ပုံမှန်စောင့်ကြည့် လေ့လာထားရ မည်။ | အနိမ့်ဆုံး | | | | |
| ၅.၁ (ခ) | ဒေသန္တရဆေးခန်းတွင် ရှေးဦးသူနာပြုသင်တန်းဆင်းများ ထားရှိရ မည်။ | အမြင့်ဆုံး | | | | |
| ၅.၂ | သဘာဝအချိန်နှင့် မတော်တဆဖြစ်ချိန်များ၌ လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ဖော် ပြ ထားသည့် ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် အကြပ်အတည်းများအား စီမံခန့်ခွဲရေးအစီအစဉ် တစ် ရပ် ရေးဆွဲထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၅.၃ | အရေးပေါ်ဖုန်း နံပါတ်များနှင့် အရေးကြီးသော အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အဦးများ(ဥပမာ-ဆေးရုံများ၊ အများပြည်သူသုံး တယ်လီ ဖုန်း များ၊ ရဲစခန်းများ)သို့ အမြန်ဆုံးရောက်နိုင်မည့် လမ်းကြောင်းများကို အဓိကနေရာများ တွင် အများမြင်သာအောင် ချိတ်ဆွဲဖော်ပြထား ရမည်။ | အနိမ့်ဆုံး | | | | |
| ၅.၄ | အရေးပေါ်အခြေအနေတွင် ၂၄ နာရီ ဆက်သွယ်အသုံးပြုနိုင်သော လက်ကိုင် စကားပြောစက်နှင့် တယ်လီဖုန်းလိုင်းများထားရှိရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီသည် ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံမှုရှိစေရန် အစီအစဉ်များကို ချမှတ်ပြီး ဒေသခံလူထု အတွင်းနှင့် ပြင်ပအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။<br>(ဥပမာ - အစည်းအဝေး များနှင့်သင်တန်းများ) | အမြင့်ဆုံး | | | | |
| ၅.၆ | လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ၊ မိသားစုများနှင့် ဒေသခံများသည် ခရီးသည်များ ရှိနေချိန်တွင် ၎င်းတို့ ဘေးကင်းမှုမရှိခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေခြင်းတို့မှ ကာကွယ်ရန် သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်။ | အမြင့်ဆုံး | | | | |
| ၅.၇ | လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုဆောင် ဧရိယာအတွင်းသို့ တာဝန်ချထားသူများသာ ဝင်ရောက်ခွင့်ရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၅.၈ | မူးယစ်ဆေးဝါးရောင်းချခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ ပြည့်တန်ဆာကိစ္စနှင့် လူကုန်ကူးခြင်း စသည်တို့ကို တင်းကျပ်စွာ တားမြစ် ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၅.၉ | မီးဖိုဆောင်များ၊ ရေသိုလှောင်သည့်နေရာများ၊ လောင်စာဆီသိုလှောင်သည့်နေရာများ၊ မီးစက်/မီးအားမြင့်စက်ထားသောနေရာများကို ပုံမှန်ပြုပြင်ထိန်းသိမ်း ရမည်။ | အမြင့်ဆုံး | | | | |
| ၅.၁၀ | အိမ်မွေးတိရစ္ဆာန်များနှင့် လယ်ယာသုံးတိရစ္ဆာန်များကို ခရီးသွားဧည့်သည်များအား အန္တရာယ်မဖြစ်စေရန် စီစဉ်ထားရမည်။ | အနိမ့်ဆုံး | | | | |

## စံသတ်မှတ်ချက်အုပ်စု (၆) လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအတွက် သီးခြားစံသတ်မှတ်ချက် များ

### စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၁) အရည်အသွေးကောင်းမွန်သော အစားအသောက် ဝန်ဆောင်မှုပေးခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက်နိုင်မှု မရှိခြင်း | ဒေသ အနေအထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၆.၁.၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းများအရ အစားအသောက်ကို ဝန်ဆောင်မှုပေးသော ဒေသခံအဖွဲ့ဝင်များသည် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ပြင်ဆင်၍ ဝန်ဆောင်မှု ပေးနိုင်ရ မည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း ညှိနှိုင်းဆောင်ရွက်သူ(များ)သည် ခရီးသွားဧည့်သည်များ စားသုံးမည့် အစားအစာများကို ဝန်ဆောင်မှုပေးနိုင်ရန် ၎င်းတို့နေ့စဉ်စားသုံးသည့် အစားအစာအာဟာရလိုအပ်ချက်၊ ကျန်းမာရေးအခြေအနေ၊ ဓာတ်မတည့်မှုများနှင့် ပတ်သက်၍ ကြိုတင်မေးမြန်းပြီး ၎င်းတို့၏ လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးရမည်။ (သက်သတ်လွတ် စားသုံးသူ၊ ဝက်သားမစားသူ၊ မြေပဲမစားသူ) | အနိမ့်ဆုံး | | | | |
| ၆.၁.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း အစားအသောက် ဝန်ဆောင်မှုပေးသူများသည် ရိုးရာ အစားအစာများအပါအဝင်၊ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရနှင့် | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ပြည့်စုံသော အစားအစာများကို ပြင်ဆင်နိုင်ရန် သင်တန်းတက်ရောက်ပြီးသူများ ဖြစ်ရမည်။ | | | | | |
| ၆.၁.၄ | ဒေသထွက် လတ်ဆတ်သော အသား၊ ငါးများနှင့် သဘာဝမြေသြဇာသုံးဟင်းသီးဟင်းရွက်များအား ရာသီအလိုက် ရရှိသည့်အချိန်အတိုင်း ဝန်ဆောင်မှုပေးရ မည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်း အစားအသောက် ဝန်ဆောင်မှုပေးသူများသည် ဧည့်သည်ကို နှုတ်ခွန်းဆက်ကြိုဆိုကြရမည့်အပြင်၊ အစားအစာများကို မိတ်ဆက်ပေးပြီး ရင်းနှီးဖော်ရွေစွာ ဝန်ဆောင်မှုပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၆ | လူထုအခြေပြုခရီးသွားလုပ်ငန်း အစားအသောက် ဝန်ဆောင်မှုပေးသူများသည် တစ်ကိုယ်ရေသန့်ရှင်း၍ ကူးစက်ရောဂါကင်းရှင်းရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၇ | အစားအသောက် ဝန်ဆောင်မှုပေးသူများသည် သတ်မှတ်ထားသည့် အချိန်အတိုင်း အစားအစာများကို တည်ခင်းဧည့်ခံရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၈ | ဧည့်သည်အရေအတွက်အလိုက် သန့်ရှင်းမှုရှိသော အိုးခွက်ပန်းကန်များ အလုံအလောက်ရှိရမည်။ | | | | | |
| ၆.၁.၉ | ဧည့်သည်များအတွက် သောက်သုံးရေလုံလောက်စွာ စီစဉ်ထားရှိရမည်ဖြစ်ပြီး မလုံလောက်သည့် အခြေအနေနှင့်ကြုံရပါကလည်း လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီမှ စီစဉ်ဆောင်ရွက်ပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၀ | ကျေးရွာများတွင် ခရီးသွားများနေ့စဉ်အသုံးပြုရန် ရေအလုံအလောက် ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၁ | အစားအသောက်များ ပြင်ဆင်သည့်နေရာနှင့် စားသုံးသည့်နေရာများကိုအမြဲတမ်းသန့်ရှင်းစွာ ပြင်ဆင်ထားရှိရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၁.၁၂ | အစားအသောက်များ ပြင်ဆင်ထားရှိခြင်းနှင့် ထမင်းစားခန်းအသုံးအဆောင်ပစ္စည်းများကို အသုံးမပြုခင်နှင့် အသုံးပြုပြီးတိုင်း အမြဲတမ်း သန့်ရှင်းစွာထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၃ | အစားအစာများကို သန့်ရှင်းသောနေရာများတွင် ကောင်းမွန်စွာသိုလှောင်သိမ်းဆည်းထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၄ | အစားအစာဝန်ဆောင်မှုပေးသူများသည် အစားအစာများကို မပြင်ဆင်မီနှင့်ပြင်ဆင်နေစဉ်အတွင်း သန့်ရှင်းသောရေဖြင့် လက်ကို ဆပ်ပြာနှင့်ပုံမှန်ဆေးကြောရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၅ | မျှဝေစားသုံးရသော ဟင်းပွဲများတွင် ဟင်းခပ်ဇွန်းများထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၆ | တိရစ္ဆာန်များကို ထမင်းစားခန်း၊ မီးဖိုချောင်၊ အစားအစာ သိုလှောင်သည့်နေရာများနှင့် ဝေးသောနေရာများတွင် ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၇ | ခရီးသွားဧည့်သည်များသည် ရိုးရာအစားအစာများ ချက်ပြုတ်နည်းလေ့လာခြင်းနှင့်ပြင်ဆင်မှုများတွင် အတူတကွပါဝင်လုပ်ဆောင်ရန် အခွင့်အလမ်းများရှိရ မည်။ | အနိမ့်ဆုံး | | | | |
| ၆.၁.၁၈ | အစားအစာများထုတ်ပိုးပြင်ဆင်ရာတွင် သဘာဝအတိုင်း ဆွေးမြေ့လွယ်သော ပစ္စည်းများကို သုံးရမည်။ (ဥပမာ- ငှက်ပျောရွက်) | အနိမ့်ဆုံး | | | | |

## စံသတ်မှတ်ချက် အုပ်စုခွဲ (၆.၂) အရည်အသွေးပြည့်မီသော ဒေသခံဧည့်လမ်းညွှန် ဝန်ဆောင်မှုများပေးခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင် ရွက်နိုင် ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေ အထားနှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၆.၂.၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း ဧည့်လမ်းညွှန်များသည် ဒေသခံများ ဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆. ၂.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း ဧည့်လမ်းညွှန်များသည် အချိန်မှန် ကန်ခြင်း၊ ဖော်ရွေခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြဿနာဖြေရှင်းနိုင်သည့် စွမ်းရည် များ ရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆. ၂.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း ဧည့်လမ်းညွှန်များသည် အရက်(သို့) မူးယစ်ဆေးဝါး သုံးစွဲပြီး ဝန်ဆောင်မှုပေးခြင်းများ မပြုလုပ်ရ။ | အနိမ့်ဆုံး | | | | |
| ၆.၂.၄(က) | လူထုအခြေပြုခရီးသွားလုပ်ငန်း ဧည့်လမ်းညွှန်များတွင် ဒေသဆိုင်ရာ သမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှု၊ အမွေအနှစ်နေရာဒေသများ၊ ဒေသ၏ ပထဝီအနေအထားနှင့် ပတ်သက်သည့် ဗဟုသုတကောင်းစွာရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆. ၂.၄(ခ) | ဒေသခံဧည့်လမ်းညွှန်များသည်သစ်ပင်ပန်းမန်များနှင့်ဒေသရှိ တောရိုင်း တိရစ္ဆာန်များပတ်သက်သည့် ဗဟုသုတကောင်းစွာရှိရမည်ဖြစ်ပြီး လူထုအခြေပြု ခရီးသွားလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း သဘာဝပတ်ဝန်းကျင်၏ ကောင်းကျိုးများကိုအများဆုံးရရှိစေပြီးဆိုးကျိုးများကိုအနည်းဆုံးဖြစ်အောင်လျှော့ချနိုင်ရမည်။ | အမြင့်ဆုံး | | | | |
| ၆. ၂.၅ | ဒေသခံဧည့်လမ်းညွှန်များသည် ခရီးသည်များ စတင်ရောက်ရှိချိန်တွင် ဒေသနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီအကြောင်း၊ အစီအစဉ်များ နှင့် | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ဆောင်ရန်ရှောင်ရန်များကို အသိပေးထားရမည်။ | | | | | |
| ၆.၂.၆ | ဒေသခံဧည့်လမ်းညွှန်များသည် ရှင်းလင်းတိကျသော သတင်းအချက်အလက်များအား လမ်းညွှန်ပြောဆိုနိုင်ရန်အတွက် သင်တန်းတက်ရောက် ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၂.၇ | ဒေသခံဧည့်လမ်းညွှန်များသည် ခရီးသွား ဧည့်သည်အုပ်စုများကို စီမံခန့်ခွဲ နိုင်ရန်အတွက် သင်တန်းတက်ရောက်ထားရမည် ။ | အနိမ့်ဆုံး | | | | |
| ၆.၂.၈ | ဒေသခံဧည့်လမ်းညွှန်များသည် ရှေးဦးသူနာပြုစုနည်း သင်တန်းတက်ရောက်ထားပြီး ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ သတိပြုရမည့်အချက်အလက်များကို ကြိုတင်သတိပေးနိုင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၂.၉ | လူထုအခြေပြုခရီးသွားလုပ်ငန်းတစ်ခုတွင် ဒေသခံဧည့်လမ်းညွှန် အနည်းဆုံး(၄)ဦးရှိရပါမည်။ ဧည့်လမ်းညွှန်၊ ဧည့်သည်အချိုးအစားတို့နှင့် ပတ်သက်သည့် စည်းမျဉ်းများ ရှိထားပြီးဖြစ်သည်။ | အနိမ့်ဆုံး | | | | |
| ၆.၂.၁၀ | ဒေသခံလူငယ်များကို ဒေသခံဧည့်လမ်းညွှန်များကဲ့သို့ ၎င်းတို့၏စွမ်းရည်များနှင့် ဗဟုသုတများ တိုးပွားလာ စေရန်အတွက် ဒေသဆိုင်ရာယဉ်ကျေးမှုများနှင့် အလေ့အထများအကြောင်း သင်တန်းပို့ချပေးထားရမည်။ | အနိမ့်ဆုံး | | | | |

**စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၃) ခရီးစဉ်များ၊ ခရီးသွားလုပ်ငန်း လုပ်ရှားမှုများနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများ ပေးခြင်း**

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိ ခြင်း |
|---|---|---|---|---|---|---|
| ၆.၃.၁ | ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလှုပ်ရှားမှုများကို ကွင်းဆင်းလေ့လာမှု ပြုလုပ်ပြီး၊ ဧည့်သည်များနှင့် ဒေသကိုဘေးအန္တရာယ်ဖြစ်စေမည့် အရာများ ကိုလည်း ရှာဖွေ ဖော်ထုတ်၍ ရရှိလာသော ခိုင်မာသည့် အချက်အလက်များကို ဘေး အန္တရာယ်လျှော့ချရာတွင် အသုံးချရမည်။ (ဥပမာ- ဧည့်သည်များကို ကြိုဆိုသည့် အချိန်တွင် ရှင်းလင်းအသိပေးခြင်း၊ ခရီးစဉ်တစ်လျှောက်ဘေး အန္တရာယ် သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း) | အနိမ့်ဆုံး | | | | |
| ၆. ၃.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်းခရီးစဉ်တွင် ဈေးနှုန်းနှင့်ခရီးစဉ်အသေး စိတ်ကို ရှင်းလင်းစွာသတ်မှတ်ထားရမည်။ ဒေသအခြေအနေများအပေါ်မူ တည်၍ သက်ဆိုင်သောဝန်ဆောင်မှုများ၊ လှုပ်ရှားမှုများ၊ ပါဝင်ဆောင်ရွက်ချက် များ၊ အချိန်နှင့် ခရီးအကွာအဝေးများတို့ကို လက်တွေ့ကျပြီး ရှင်းလင်းစွာ ဖော်ပြထားရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၃.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်းစဉ်များမစတင်မီသက်ဆိုင်ရာအသုံးအဆောင် ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု သေချာစေရန် စစ်ဆေးရ မည်။ (ဥပမာ -စက်ဘီး၊ ကယက်လှေ အစရှိသဖြင့်) | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၃.၄ | ခရီးသည်များကို ခရီးစဉ်နှင့်ပတ်သက်သည့် ခက်ခဲမှုအဆင့်၊ ကြုံတွေ့နိုင်မည့် အန္တရာယ်များ၊ ဆေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်မှုများနှင့် ခရီးစဉ်တွင် လိုက်နာရမည့် စည်းမျဉ်းများစသော အချက်အလက်များကို ကြိုတင်အသိပေး ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၃.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်းခရီးစဉ်များနှင့် လုပ်ငန်းစဉ်များကိုလက် တွေ့ လုပ်ဆောင်ပြီး အသိပညာနှင့် ဖျော်ဖြေရှင်စရာကဏ္ဍများပါဝင်သော ခရီးစဉ် အဖြစ် ရေးဆွဲထားရှိရမည်။ ခရီးသွားဧည့်သည်များကို ဒေသခံများနှင့် တွေ့ဆုံ ပြီး ၎င်းတို့၏ လုပ်ငန်းများတွင် အတူပါဝင်နိုင်သော အခွင့်အလမ်းများ ရရှိစေသည့် အစီအစဉ်များ ပါဝင်ရမည်။ (ဥပမာ-လက်မှုပစ္စည်းများ၊ အနုပညာလက် ရာများ၊ ဘာသာစကား၊ ရိုးရာအကနှင့် ချက်ပြုတ်ခြင်း) | အနိမ့်ဆုံး | | | | |
| ၆.၃.၆ | ဒေသခံဧည့်လမ်းညွှန်နှင့်ခရီးသည်တို့၏အချိုးသည် ၁ :၅ (သို့ )၁၀ ထက် မပိုရ။ | အနိမ့်ဆုံး | | | | |
| ၆.၃.၇ | ခရီးသွားဧည့်သည်များအတွက် လုံလောက်သော သယ်ယူပို့ဆောင်မှုများရှိရမည့် အပြင်၊ အသုံးပြုမည့် ယာဉ်များကို သွားမည့်လမ်းနှင့် သင့်လျော်ခြင်း ရှိ၊ မရှိ သေချာအောင် စစ်ဆေးထားရှိရ မည်။ | အနိမ့်ဆုံး | | | | |
| ၆.၃.၈ | ဧည့် လမ်းညွှန်များ၊ ယာဉ်မောင်းသူများနှင့် အခြားဝန်ဆောင်မှုပေးသူများသည် အချိန် တိကျရမည့်အပြင်၊ သန့်ရှင်းသပ်ရပ်ပြီး အရက်သေစာ သောက်သုံးမထား သူများ ဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၃.၉ | လူထုအခြေပြုခရီးသွားလုပ်ငန်းမှဝင်ငွေကို စရိတ်များနုတ်ပြီး ရရှိလာ သော အမြတ်အစွန်း/ ပိုလျှံဝင်ငွေများကို လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင် များနှင့် ဒေသရန်ပုံငွေအဖြစ် သတ်မှတ် ထားရှိရမည်။ | အမြင့်ဆုံး | | | | |

## စံသတ်မှတ်ချက်အုပ်စုခွဲ (၆.၄) အရည်အသွေးပြည့်မီသော တည်းခိုနေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက်နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိ ခြင်း |
|---|---|---|---|---|---|---|
| ၆.၄.၁ | **လူထုအခြေပြုခရီးသွားလုပ်ငန်းစတင်ဖော်ဆောင်ရာတွင်** ဧည့်သည်များအ တွက် လုံခြုံပြီး သင့်လျော်သော အရည်အသွေးရှိသည့် နေရာထိုင်ခင်း စီစဉ် ထားပေးရမည်။ နေရာထိုင်ခင်းများမှာ ဒေသခံလူထုမှ စီမံခန့်ခွဲသည့် လူထုအ ခြေပြုခရီး သွားလုပ်ငန်းတည်းခိုဆောင်နှင့် ဒေသခံမိသားစုမှ စီစဉ်ဆောင်ရွက် ပေးသော နေရာထိုင်ခင်းများ ပါဝင်ရမည်။ ဒေသခံနေအိမ်များတွင် တည်းခိုနေ ထိုင်ခြင်းကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ နှင့်အညီ ဆောင်ရွက် ရမည်။ | အနိမ့်ဆုံး | | | | |
| ၆. ၄.၂ | ဒေသခံနေအိမ်များတွင် တည်းခိုနေထိုင်ခြင်းကို မြန်မာနိုင်ငံခရီးသွား လုပ်ငန်း ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်း များအတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်။ တိုင်းဒေသကြီး နှင့်ပြည်နယ် အစိုးရအဖွဲ့များမှ သက်ဆိုင်ရာဒေသနှင့် ကိုက်ညီသည့် နေရာထိုင်ခင်း အမျိုး အစားများကို သတ်မှတ်ပေးရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၄.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းများအား ရှင်းလင်းတိကျသော တာဝန်ဝတ္တရားများ၊ ဆက်သွယ်ဆောင်ရွက်မှုများကို သတ်မှတ်ထားပြီး ၂၀၁၈ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်။ လူထုအခြေပြုခရီးသွားလုပ်ငန်းဝင်ငွေ၏ အနည်းဆုံး ၁၀ % ကို ဒေသ ရန်ပုံငွေအဖြစ် ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၄ | နေရာထိုင်ခင်း ဝန်ဆောင်မှုပေးသူများမှ လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကိုနားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးရမည်။ ထိုလမ်းညွှန်ချက်တွင် နေရာထိုင်ခင်းတစ်ခု၌ တစ်ညတာအများဆုံး တည်းခိုနိုင်မည့် ဧည့်သည်အရေအတွက်ကို ရှင်းလင်းစွာကန့်သတ်ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၅ | ဒေသခံများ၏ လူနေမှုပုံစံလေ့များနှင့် ယဉ်ကျေးမှုတို့အား ဧည့်သည်များမှ ဖလှယ်နိုင်ရန် ဝန်ဆောင်မှုပေးသူများမှ စီစဉ်ပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၆ | နေရာထိုင်ခင်းဝန်ဆောင်မှုပေးသူများအား ဝန်ဆောင်မှုပိုမိုကောင်းမွန် စေရန် ရည်ရွယ်၍ သင့်တော်သည့် စံသတ်မှတ်ချက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရမည်။ | အမြင့်ဆုံး | | | | |
| ၆.၄.၇ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်း ဝန်ဆောင်မှုပေးသူများကို ရိုး ရှင်းသော အိမ်ခန်းဝန်ဆောင်မှု သင်တန်းများ ပို့ချပေးထားရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၈ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်း ဝန်ဆောင်မှုပေးသူများကို ဧည့်ဝန်ဆောင်မှုပေးရန်၊ အုပ်စုအဖွဲ့များအား စီမံခန့်ခွဲပေးရန်၊ ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များကို နားလည်၍ ဂရုတစိုက်ဆက်သွယ် ပြောဆိုရန်အတွက်သင်တန်းများ ပေးထားပြီးဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၉ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းဝန်ဆောင်မှုပေးသူများအားလုံး ကို အခြေခံရှေးဦး သူနာပြုစုခြင်းနှင့် ရှေးဦးသူနာပြု ဆေးသေတ္တာများအား လက်တွေ့ အသုံးပြုနိုင်မည့် သင်တန်းများ ပို့ချပေးထားရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၄.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းနှင့် ဧည့်သည်များ အသုံးပြုသော နေရာများတွင် မီးဘေးအန္တရာယ်နှင့်အရေးပေါ်သတိပေးချက်များကို မြင်သာသည့် နေရာတွင်ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၁ | ခရီးသည်များအား လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းသို့ စတင်ရောက်ရှိချိန်တွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် အမူအကျင့်ဆိုင်ရာ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်အသိပေးရမည်။ | အနိမ့်ဆုံး | | | | |
| **အိပ်ဆောင် ဇရိယာများ** | | | | | | |
| ၆.၄.၁၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုဆောင်နေရာသည် လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့မှ စီမံခန့်ခွဲထားသည့် သီးခြားအဆောက်အဦဖြစ်ပြီး ဧည့်သည်များအတွက် သီးသန့်အခန်းများ ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၃ | လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ဒေသခံနေအိမ်များတွင် တည်းခိုနေထိုင်ရာ နေရာထိုင်ခင်းများသည် ဇရိယာတစ်ခုထဲတွင် ရှိသော်လည်း၊ ဧည့်သည်များ အိပ်စက်အနားယူရန် (အိပ်ခန်း သို့မဟုတ် သီးသန့်ခွဲထားသည့်) အများဆုံးအခန်း ၄ ခန်းပါရှိသည့်နေရာ ဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၄ | ညအိပ်တည်းခိုမည့် ဧည့်သည်များအတွက် သောက်ရေကို လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ (သို့) ခရီးသွားမိတ်ဖက်များမှ ပံ့ပိုးပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၅ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းများတွင် အမိုက်ပုံးနှင့်အဝတ်လှန်းသည့်တန်း ရှိရ မည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၆ | အခန်းသည် သန့်ရှင်းပြီး လေဝင်လေထွက် ကောင်းမွန်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၇ | အိမ်ရှင်နှင့်ဧည့်သည် အပြန်အလှန် ဆက်သွယ်ပြောဆိုနိုင်ရန် အထောက်အကူပြုပစ္စည်းများ ထားပေးရမည်။ (ဥပမာ-ဘာသာစကား နှင့် ပတ်သက်သည့် စာရွက်များ၊ ရုပ်ပုံကားချပ်များ) | အမြင့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၄.၁၈ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းများအားလုံးတွင် ညအချိန်အ သုံး ပြုနိုင်ရန် လက်နှိပ်ဓာတ်မီးများ ထားပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၁၉ | ခရီးသွားဧည့်သည်များမရောက်မီ အိပ်ရာကို အဆင်သင့်အသုံးပြုနိုင်ရန်အမြဲ သန့် ရှင်းထားပြီး လုံလောက်စွာ ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| **ရေချိုးခန်းနှင့် သန့်စင်ခန်းဧရိယာများ** | | | | | | |
| ၆.၄.၂၀ | တည်းခိုနေထိုင်ရာနေရာတိုင်းတွင် ဧည့်သည်များအတွက် လုံခြုံစိတ်ချရ၍ သော့ခတ် နိုင်သော သီးသန့်ရေချိုးခန်းနှင့် သန့်စင်ခန်းများရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၂၁ | ရေချိုးခန်းနှင့် သန့်စင်ခန်းများတွင် သန့်ရှင်းသော ရေ၊ ဆပ်ပြာ၊ ရေခွက်၊ အိမ်သာသုံးစက္ကူနှင့် အမှိုက်တောင်းများ လုံလောက်စွာ ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆. ၄.၂၂ | သန့်စင်ခန်းများသည် ရေဆွဲဘိုထိုင်အိမ်သာများ (သို့) ရိုးရိုးရေလောင်းအိမ်သာ များ ဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၂၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းရှိသည့် နေရာများတွင်ဧည့် သည် အသုံးပြုသော ရေချိုးခန်းနှင့် သန့်စင်ခန်းများသည် သန့်ရှင်းပြီး ကျန်းမာ ရေးနှင့် ညီညွတ်ကာ လေဝင်လေထွက်ကောင်း၍ အနံ့အသက်ကင်းပြီး ရေဆိုး စွန့်ပစ်စနစ် ကောင်းမွန်ရုံသာမက လုံလောက်သော အလင်းရောင်ရှိရ မည်။ | အနိမ့်ဆုံး | | | | |
| **အများသုံးနေရာများ နှင့် တည်းခိုရာ ပတ်ဝန်းကျင်များ** | | | | | | |
| ၆.၄.၂၄ | စားသောက်ခန်းကို မီးဖိုဆောင်နှင့် သီးသန့်ထားရှိရမည်။ | အမြင့်ဆုံး | | | | |
| ၆.၄.၂၅ | ဧည့်သည်များအတွက် အဆောက်အဦများသည် သန့်ရှင်း၍ ခိုင်ခံ့ပြီးလုံ လောက်သောအလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိကာပိုးမွှား တိရစ္ဆာန်များ ၏ အန္တရာယ်မှကင်းရှင်းရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၄.၂၆ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းများနှင့် ဧည့်သည်အသုံးပြုမည့် နေရာအားလုံးသည် ၎င်းတို့၏ ပိုင်ဆိုင်သည့်ပစ္စည်းများ လုံခြုံရေးနှင့်ဘေး အန္တရာယ် ကင်းရှင်းရေးအတွက် သေချာမှုရှိစေရန် လုပ်ထုံးလုပ်နည်းများသတ်မှတ်ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၂၇ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းနှင့် ဧည့်သည်အသုံးပြုမည့် နေရာအားလုံးတွင် ဧည့်သည်နှင့် ဝန်ထမ်းများအသုံးပြုရန် စနစ်တကျ ပြင်ဆင်ထားသော ရှေးဦးသူနာပြု ဆေးသေတ္တာထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၂၈ | ခရီးသည်များ တည်းခိုရန်နေရာနှင့် အခြားနေရာ အဆောက်အဦများကိုဆိုင်းဘုတ်များဖြင့် ရှင်းလင်းစွာ ဖော်ပြထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၂၉ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းနှင့် ဆက်စပ်ပတ်ဝန်းကျင်ရှိ နေရာများတွင် လုံခြုံသန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းရှင်းရမည်။ အမှိုက်များ၊ ရေဝပ်သည့် နေရာများနှင့် ထူထပ်သည့် မြက်ရိုင်းပင်များမရှိရ။ | အနိမ့်ဆုံး | | | | |
| ၆.၄.၃၀ | လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုနေထိုင်ရာ နေရာများနှင့် ခရီးသည်များ အသုံးပြုမည့်နေရာများကို ဒေသခေါင်းဆောင်များနှင့် လူထုအခြေပြုခရီးသွား လုပ်ငန်း ကော်မတီတို့မှ ကြိုတင်ညှိနှိုင်း၍ ဆုံးဖြတ်ပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၆.၄.၃၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း နေရာထိုင်ခင်းပေးသည့် အိမ်ရှင်များမှခရီးသည်များကို လှိုက်လှဲစွာ ကြိုဆိုပြီး ဘေးကင်းလုံခြုံ၍ သက်တောင့်သက်သာရှိသော နေရာထိုင်ခင်း ဖန်တီးပေးပြီး ခရီးသည်များကို မည်ကဲ့သို့ပြုမူနေထိုင်ရမည်ကို အကြံဉာဏ်များပံ့ပိုးပေးရမည်။ ( ဥပမာ - ဥအချိန် ဆူညံမှုများမပြုလုပ်ရခြင်း၊ ခရီးသည်များ၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သည့်ကျင့်ဝတ်များ လေးစားလိုက်နာခြင်း) | အနိမ့်ဆုံး | | | | |

## စံသတ်မှတ်ချက် အုပ်စု (၇) လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်သည့်အဖွဲ့ဝင်များမှ ဈေးကွက်ရရှိရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် လိုက်နာရမည့်အချက်များ

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင် ရွက်နိုင် ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက် နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| ၇.၁ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီမှ ခရီးသွားဧည့်သည်များနှင့် မိတ်ဖက် အ ဖွဲ့အစည်း၏ မျှော်မှန်းချက်များကို ခရီးစဉ်ဒေသနှင့် ဆွဲဆောင်မှုများ၊ ရှုခင်းများ၊ ဒေသ ဆိုင်ရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ လူထုအခြေပြု ခရီးသွား လုပ်ငန်း ၏ထုတ် ကုန်များ၊ ဈေးနှုန်းများ၊ ဝန်ဆောင်မှုများ၊ ရေရှည်တည်တံ့မှုအတွက် တောင်းဆိုချက် များအကြောင်း တိကျသော သတင်းအချက်အလက်များကို ပံ့ပိုး ပေးခြင်းဖြင့် စီမံခန့်ခွဲ ပေးရ မည်။ | အနိမ့်ဆုံး | | | | |
| ၇.၂ | လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီတွင် ရိုးရှင်းသော ဈေးကွက်မြှင့်တင် ရေး အထောက်အကူပြုပစ္စည်းများရှိရမည်။ (ဥပမာ- ကြော်ငြာများ၊ လက်ကမ်း စာစောင် များ၊ ထုတ်ကုန်များနှင့် ဈေးနှုန်း အချက်အလက်များ) | အမြင့်ဆုံး | | | | |
| ၇.၃ | လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ဝင်များသည် ခရီးသွားလုပ်ငန်း၊ ခရီးသွားဧည့် သည်များ၊ ထုတ်ကုန်ဖွံ့ဖြိုးရေး၊ ဈေးနှုန်းနှင့် ဈေးကွက်ရှာဖွေရေး လမ်းကြောင်းများကိုနားလည်ရန် သင်တန်းများတတ်ရောက်ထားရမည်။ (ဥပမာ- ဒေသအခြေစိုက် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့်မည်ကဲ့သို့ လုပ်ငန်း ဆောင်ရွက်ရ မည်) | အမြင့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇.၄ | လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအတွက် လိုအပ်ချက်များနှင့် ဦးတည်ထားသောဈေးကွက်များကို ဖော်ပြ ထားသည့် ရိုးရှင်းသော ဈေးကွက်ရှာဖွေရေး အစီအစဉ်ရှိရမည်။ | အမြင့်ဆုံး | | | | |
| ၇.၅ | လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်ရာတွင် ဦးတည်ထားသောဈေး ကွက်များကို ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ဒေသဆိုင်ရာယဉ်ကျေးမှု၊ သဘာဝ ပတ် ဝန်းကျင်များကိုကာကွယ်နိုင်ရန် သင့်လျော်သောထုတ်ကုန်များကို ပေးနိုင်ရ မည်။ | အမြင့်ဆုံး | | | | |
| ၇.၆ | ခရီးသွား ဧည့်သည်များနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများအတွက် အရေးပါ သော အခမ်းအနားများ၊ ဒေသဆိုင်ရာပွဲတော်များကို ကြိုတင်အသိပေးနိုင်ရန် အတွက်ယဉ်ကျေးမှု ဆိုင်ရာ ပြက္ခဒိန်တစ်ခု ထားရှိရမည်။ | အမြင့်ဆုံး | | | | |
| ၇.၇ | လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဈေးနှုန်း များ ကို ကြိုတင်ညှိနှိုင်း၍ ပွင့်လင်းမြင်သာစွာ သတ်မှတ်ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၇.၈ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီမှ ဈေးကွက်ဖော်ဆောင်ရာတွင် ဒေသ ဆိုင်ရာအစိုးရ၊ ပြည်တွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်သူများနှင့် ညှိနှိုင်းတိုင်ပင် ၍ ပူးပေါင်းဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၇.၉ | ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများနှင့် ဒေသခံများအကြား သဘောတူညီချက် ရရှိ ရန် စနစ်တစ်ခု (သို့မဟုတ်) လမ်းညွှန်ချက်များ ထား ရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၇.၁၀ | လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းဆောင် ရွက်သူများအကြား သဘောတူညီချက်များကို ရှင်းလင်းစွာသတ်မှတ်ထားပြီး အထောက်အထား ထားရှိရမည်။ | အနိမ့်ဆုံး | | | | |
| ၇.၁၁ | လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီသည်ပတ်ဝန်းကျင် ဒေသခံလူထုအား လူထုအခြေပြုခရီးသွားလုပ်ငန်းမှ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် နှင့်ဖော်ထုတ်နိုင်ရန် ပတ်ဝန်းကျင်ဒေသခံလူထုနှင့် ပူးပေါင်းဆောင်ရွက် ရမည်။ | အမြင့်ဆုံး | | | | |


vietjetAir.com

## အပိုင်း(ဂ) မြန်မာနိုင်ငံ လူထုအခြေပြုခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ စံသတ်မှတ်ချက်များ

### စံသတ်မှတ်ချက် အုပ်စု (၈) ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ စံသတ်မှတ်ချက်များ

| စဉ် | စံသတ်မှတ်ချက်များ | အနိမ့်ဆုံး/ အမြင့်ဆုံး | အပြည့်အဝ လိုက်နာ ဆောင် ရွက်နိုင်ခြင်း | တစ်စိတ် တစ်ဒေသ လိုက်နာ ဆောင်ရွက် နိုင်ခြင်း | လိုက်နာ ဆောင်ရွက်နိုင်မှု မရှိခြင်း | ဒေသအနေ အထား နှင့် ကိုက်ညီမှု မရှိခြင်း |
|---|---|---|---|---|---|---|
| **ခရီးသွားလုပ်ငန်းစီစဉ်ဆောင်ရွက်ကြသူများ(FTO)၏ ဥပဒေပြဋ္ဌာန်းချက်များအပေါ် လေးစားလိုက်နာမှု** | | | | | | |
| ၈.၁ | ရင်းနှီးမြှုပ်နှံသူများနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း စီစဉ်ဆောင်ရွက်ကြသူများသည် လိုအပ်သော လိုင်စင်များနှင့် ခွင့်ပြုမိန့်များရှိရမည်။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ပြန်တမ်းများ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအပြင်သက် ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့် ဒေသခံအဖွဲ့အစည်းများ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်။ | အနိမ့်ဆုံး | | | | |
| **ပုဂ္ဂလိက ကဏ္ဍနှင့် ဒေသခံလူထုများအကြား ဖက်စပ်ဆောင်ရွက်မှု များ** | | | | | | |
| ၈.၂ | လူထုအခြေပြုခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဖက်စပ်လုပ်ကိုင် ခြင်းတွင် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှုသည် စံသတ်မှတ်ချက် အမှတ်စဉ် ၁.၁ နှင့် ၁.၂ တွင်ဖော်ပြထားသော ထိရောက်စွာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းတို့ပါဝင်သည့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းတိုင်ပင် မှုနှင့် အလွတ်သဘော | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | တူညီမှု ( FPIC ) အပေါ်တွင် အခြေခံရမည်။ | | | | | |
| ၈.၃ | လူထုအခြေပြု ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ဖက်စပ်ဆောင်ရွက်ရန် လိုအပ် သည့်အခါ (ဥပမာ- လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုဆောင် တစ်ခု ဆောက်လုပ်ရန်)၊ မိတ်ဖက်အဖွဲ့အစည်းများမှ ငွေကြေးနှင့် လုပ်အား ကူညီ ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၄ | ဒေသခံလူထုနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ဖက်စပ်လုပ်ကိုင်ရာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက် ၁.၄(က)နှင့် ၁.၄(ခ) နှင့် စပ်လျဉ်း၍ **မြေယာအသုံးချမှုသဘောတူညီချက်**အပေါ် နှစ်ဦးသဘောတူ ညှိနှိုင်းဆောင်ရွက်ပြီး ဒေသဓလေ့ထုံးစံနှင့်ဥပဒေအတိုင်း မြေယာပိုင်ဆိုင်ခွင့်အားထိန်းသိမ်းထားရှိရမည် ။ | အနိမ့်ဆုံး | | | | |
| ၈.၅ | ဒေသခံလူထုမှဖက်စပ်လုပ်ဆောင်ရန်စိတ်ဝင်စားမှုရှိပါက ပုဂ္ဂလိကကဏ္ဍရှိရင်းနှီးမြှုပ်နှံလိုသည့် မိတ်ဖက်အဖွဲ့အစည်းသည် မိမိနှင့် မိတ်ဖက်လုပ်ကိုင် မည့်သူများအကြား ရှင်းလင်းစွာနားလည်သဘောပေါက်စေရန် လုံလောက်သောအချိန်ယူ၍ ဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၆ | စီးပွားရေးလုပ်ငန်းစုများမှ ရင်းနှီးမြှုပ်နှံသူများသည် ဒေသတစ်ခုထဲတွင်ပူးပေါင်းလုပ်ကိုင်လိုပါ ကပွင့်လင်းမြင်သာသည့် တင်ဒါခေါ်ယူသည့်စနစ်ပြု လုပ်ရမည်။ | အမြင့်ဆုံး | | | | |
| ၈.၇ | မိတ်ဖက်အဖွဲ့အစည်း၊ ရင်းနှီးမြှုပ်နှံသူ၊ လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်သူများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့် ဒေသခံလူထုအားလုံး၏ အခွင့်အရေးများ၊ ငွေကြေးဆိုင်ရာ တာဝန်ခံမှုနှင့်လုပ်ဆောင်ရမည့် ဝတ္တရားများ၊ တိကျသည့် တာဝန်များ၊ သဘောတူညီမှုမှုနှင့် ထည့်ဝင်မှုများကို ရှင်းလင်းစွာ ဖော်ပြထားသည့် စာချုပ် (သို့) သဘောတူညီချက် တစ်ခုရှိရမည်။ | | | | | |
| ၈.၈ | ဤသဘောတူညီချက်တွင် လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင် ရာ၌ ရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့် ဝန်ထမ်း များသည် လမ်းညွှန်မှုများနှင့် လိုက်နာရမည့်စည်းမျဉ်းများပါဝင်သည့်အပိုဒ် ထည့်သွင်းဖော်ပြထားရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈.၉ | ဒေသခံလူထုအားလုံး၊ လူထုအခြေပြုခရီးသွားလုပ်ငန်း စတင်ဖော်ဆောင်သူ များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့် မိတ်ဖက် အဖွဲ့အစည်းများအကြားတွင် အချက်အလက်များ မျှဝေရန်နှင့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အနည်းဆုံး တစ်နှစ်လျှင် ၂ ကြိမ် အစည်းအဝေးများပြုလုပ် ရန်အတွက် ဖက်စပ်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၁၀ | ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် ဒေသခံ လူထုအား ဒေသဓလေ့ထုံးတမ်းနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် လုံလောက်သော အချိန် ပေးရမည်။ (ဥပမာ - အကြံပေးအဖွဲ့များ) | အနိမ့်ဆုံး | | | | |
| ၈.၁၁ | ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ လူထုအခြေပြု ခရီးသွားလုပ်ငန်း ရန်ပုံငွေကို ပံ့ပိုးကူညီ ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၁၂ | ဒေသခံလူထုအတွင်း အငြင်းပွားမှုများကို ရင်းနှီးမြှုပ်နှံသူများနှင့် ခရီးသွား လုပ်ငန်းဆောင်ရွက်ကြသူများမှ ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရ။ | အနိမ့်ဆုံး | | | | |
| ၈. ၁၃ | ရင်းနှီးမြှုပ်နှံသူများနှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ လူထုအခြေပြု ခရီးသွားလုပ်ငန်းဝန်ထမ်းများကိုသင်တန်းပေးခြင်းနှင့်လမ်းညွှန်ပြသပေးခြင်းမှတဆင့် ဒေသခံလူထု၏စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန်အချိန်ပေးဆောင် ရွက်ရမည်။ | အမြင့်ဆုံး | | | | |
| ၈.၁၄ | မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုများသည် အကြံပြုဆွေးနွေးခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့်လုပ်ငန်းဆောင်ရွက်ခြင်းများတွင် ဒေသရှိ ယဉ်ကျေးမှု၊ ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်း၊ စံနှုန်းများအပေါ် လေးစားလိုက်နာ ဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| **ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း အပေါ် ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများ၏ ကတိကဝတ်များ** | | | | | | |
| ၈.၁၅ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့် ဝန်ထမ်းများတွင် ဒေသဆိုင်ရာပတ်ဝန်း | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ပတ်ဝန်းကျင်များ၊ ရိုးရာ ယဉ်ကျေးမှုများနှင့် အသက်မွေးဝမ်းကြောင်းများ စသည့် အတွေ့အကြုံများရရှိနိုင်သည့် အရည်အသွေးမြင့်ခရီးစဉ်များကိုမည် သို့ပေးစွမ်းနိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် ဗဟုသုတများကောင်းမွန်စွာ ရှိရမည်။ | | | | | |
| ၈.၁၆ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့်ဝန်ထမ်းများမှ အိမ်ရှင်များနှင့်ခရီး သည်များအကြား ဗဟုသုတဖလှယ်နိုင်ရန်နှင့် ဒေသခံလူထု၏ လူနေထိုင်မှု ဘဝများကို ခရီးသည်များဆားကင်းစွာ တွေ့ကြုံခံစားနိုင်စေရန်အခွင့်အလမ်း များပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၁၇ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် လူထုအခြေပြုခရီးသွားလုပ်ငန်း နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတို့ကို ပုံမှန်သင်တန်းများ ဖွင့်လှစ်ပို့ချရန် ဒေသခံများနှင့် အတူအလုပ် တွဲဖက်လုပ်ကိုင်နေသော ဝန်ထမ်းများကိုပံ့ပိုး ပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၁၈ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် သဘာဝနှင့်ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းသည့် အဖွဲ့အစည်းများ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အတူ ညှိနှိုင်းတိုင်ပင်၍ ပူးပေါင်းဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| **ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ ဒေသခံလူထုကို ပါဝင်ကူညီဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ခြင်း** | | | | | | |
| ၈.၁၉ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများသည် ဒေသအတွင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လွယ်သောနေရာများတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း စည်းမျဉ်း၊ စည်းကမ်းများနှင့် အကြံပြုချက်များအတိုင်း လေးစားစွာ ပြုမူနေ ထိုင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၂၀ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများနှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာ လူထုအခြေပြုခရီးသွားလုပ်ငန်းဒေသနှင့်ဒေသအခြေအနေများကိုကောင်းစွာနားလည်ပြီး ဗဟုသုတရှိရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈.၂၁ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည်၄င်း၏လုပ်ငန်းဆောင်ရွက်မှုများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကောင်းဆုံး စီမံခန့်ခွဲမှု အလေ့အထများကို လုပ်ဆောင်ကြရမည်။ (ဥပမာ-စွမ်းအင်ချွေတာသည့် ထုတ်ကုန်များကို အသုံးပြု ခြင်း၊ စွန့်ပစ်ပစ္စည်းများလျော့နည်းအောင် ဆောင်ရွက်ခြင်းနှင့် ပြန်လည်အသုံးပြု ခြင်း) | အမြင့်ဆုံး | | | | |
| ၈.၂၂ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝကို တိုက်ရိုက်သက်ရောက်စေနိုင်သည့် အန္တရာယ်ရှိသော လုပ်ဆောင်မှုများရှိလာပါ က လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီ အပါအဝင် ဒေသခံလူထုတို့နှင့် အတူ ညှိနှိုင်းတိုင်ပင်ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၂၃ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် ဆိုးကျိုးအနည်းဆုံးမှုကို ကျင့်သုံးလိုက်နာပြီး သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် ဒေသတွင်းအတွေ့အ ကြုံများကို ခရီးသည်များအား ပေးရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၂၄ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများနှင့် ဝန်ထမ်းများသည် လူထုအခြေပြု ခရီးသွားလုပ်ငန်း စီမံကိန်းများကို တက်ကြွစွာ ပါဝင် ဆောင်ရွက်ရမည်။ | အမြင့်ဆုံး | | | | |
| ၈.၂၅ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် လာရောက်တည်းခိုသူများ၏ အကြံပြုချက်များကို မျှဝေပေးခြင်းဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းဝန် ဆောင်မှုများနှင့် ထုတ်ကုန်များဖွံ့ဖြိုးလာအောင် ဒေသခံလူထုကို ပံ့ပိုးကူညီ ရမည်။ | အနိမ့်ဆုံး | | | | |
| **ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ ဒေသခံလူထု စီးပွားရေးကို ထောက်ပံ့ပေးခြင်း** | | | | | | |
| ၈.၂၆ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် ဒေသတွင်းနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်းမှ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အများဆုံးဝယ်ယူ အသုံးပြုရမည်။ (ဥပမာ-တည်းခိုရန်နေရာ၊ ဒေသအတွင်း/အပြင်သို့ သယ်ယူ ပို့ဆောင်ခြင်း၊ လှုပ်ရှားဆောင်ရွက်မှုများ၊ အစားအစာ၊ အမှတ်တရလက် ဆောင်ပစ္စည်းများ) ဝင်ငွေ၏အနည်းဆုံး ၁၀%အား လူထုအခြေပြုခရီးသွားလုပ်ငန်း ရန်ပုံငွေသို့ မဖြစ်မနေထည့်ဝင်ရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈.၂၇ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် ထုတ်ကုန်များ၊ ဈေးနှုန်းများနှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တို့အတွက် လူထုအခြေပြုခရီးသွားလုပ်ငန်း ကော်မတီ နှင့် သဘောတူညီမှု/ စာချုပ် တစ်ခု ရှိရမည်။ | အမြင့်ဆုံး | | | | |
| ၈.၂၈ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် လူထုအခြေပြုခရီးသွားလုပ်ငန်း ဝင်ငွေ တိုးစေမည့် အလားအလာရှိသည့် ထပ်တိုးဝန်ဆောင်မှုများ နှင့်ပတ် သက်သည့် အကြံဉာဏ်များကို လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီ အားပေးရမည်။ | အနိမ့်ဆုံး | | | | |
| **စူးစမ်းရှာဖွေမှု၊ ဗဟုသုတနှင့် လေးစားမှုတို့ကို ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ မြှင့်တင်ခြင်း** | | | | | | |
| ၈.၂၉ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည်လူထုအခြေပြုခရီးသွားလုပ်ငန်းဒေသ ၏ ယဉ်ကျေးမှုနှင့်သဘာဝ တန်ဖိုးများကို သိရှိအလေးထားစေမည့် ရှင်းလင်းချက်များနှင့် အရည်အသွေးမြင့် လမ်းညွှန်မှုများပေးနိုင်ရန် ဒေသခံဧည့် လမ်းညွှန်များနှင့် **အစဉ်အမြဲ** (တတ်နိုင်သမျှ) ပူးပေါင်းဆောင်ရွက်ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၀ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများမှ သဘာဝပတ်ဝန်းကျင် ပျက်ဆီးမှု အားရှောင်ရှားရန်နှင့် ဒေသခံများကို အလေးထားဆက်ဆံရန် လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ လိုက်နာရမည့်အချက်များကို ကျွမ်းကျင် ဧည့်လမ်းညွှန်၊ ဝန်ထမ်းများ နှင့် လာရောက်တည်းခိုသူများအား ရှင်းပြရမည်။ | အမြင့်ဆုံး | | | | |
| ၈.၃၁ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများသည် လူထုအခြေပြု ခရီးသွားလုပ်ငန်း ကော်မတီ၏ ဧည့်သည်လက်ခံနိုင်သည့် ပမာဏအပေါ်မူတည်၍ ခရီးသွားအဖွဲ့ အရေအတွက်ကို ကန့်သတ်ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၂ | ကျွမ်းကျင် ဧည့်လမ်းညွှန်များ/ ခရီးသွားအဖွဲ့ခေါင်းဆောင်များကို လူထုအခြေပြု ခရီးသွားလုပ်ငန်းဒေသ၏ ယဉ်ကျေးမှုနှင့်သဘာဝတန်ဖိုးများ၊ ခရီးသွားအစီအစဉ်များကို နားလည်သဘောပေါက်စေရန်နှင့် ဝန်ထမ်းများနှင့်အတူတကွမည်ကဲ့သို့ လုပ်ဆောင်ရမည်ကို လေ့ကျင့်ပေးထားရမည်။ | အနိမ့်ဆုံး | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၈.၃၃ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် လိုက်နာရမည့်အချက်များ၊ လိုအပ်သော ပစ္စည်းစာရင်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်း ဒေသနှင့် ခရီးစဉ်များအကြောင်းကို လာရောက်တည်းခိုသူများအား သိရှိစေရန်တိကျသော ခရီးစဉ်သတင်းအချက်အလက်များကို ကြိုတင်အသိပေး ထားရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၄ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည်လူထုအခြေပြုခရီးသွားလုပ်ငန်းဒေသများ၊ ယဉ်ကျေးမှု၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ခရီးသည်များ၏ မျှော်မှန်းချက်များနှင့်အညီတာဝန်ယူမှုရှိသော ဈေးကွက်မြှင့်တင်သည့်အလေ့အထကို ကျင့်သုံးရပါမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၅ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူများ၏ ခရီးသွားမြှင့်တင်ရေး သတင်း စကားများသည် ဒေသခံပြည်သူများနှင့် ခရီးသည်များအပေါ် အလေးထားဆက်ဆံရမည်ဖြစ်ပြီး နိုင်ငံ့ ပုံရိပ်ကိုလည်း ထင်ဟပ်စေရမည်။ | အနိမ့်ဆုံး | | | | |
| **ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် ဒေသခံများနှင့် ခရီးသည်များအတွက် ဘေးကင်း၍ ကျေနပ်စေမည့် အတွေ့အကြုံများရရှိရန် ဆောင်ရွက်ပေးခြင်း** | | | | | | |
| ၈.၃၆ | အန္တရာယ်များသော လှုပ်ရှားမှုများဆောင်ရွက်ရာတွင်စွမ်းရည်ပြည့်ဝသော ဝန်ထမ်းမှညွှန်ပြပေးခြင်း၊လူထုအခြေပြုခရီးသွားလုပ်ငန်းဧည့်လမ်းညွှန်များမှကူညီပေးခြင်းများကို ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများမှ သေချာစွာပြုလုပ်ပေး ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၇ | ခရီးသွားလုပ်ငန်း ဆောင်ရွက်ကြသူဝန်ထမ်းများအား အရေးပေါ်အသက်ကယ်နည်း (CPR) အပါအဝင် ရှေးဦးသူနာပြုစုနည်း သင်တန်း ပေးထား ပြီးဖြစ်ရမည်။ | အနိမ့်ဆုံး | | | | |
| ၈.၃၈ | ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသူများသည် လာရောက်တည်းခိုသူများ၏ အကြံပြုချက်စစ်တမ်းများမှ ၎င်းတို့၏ စိတ်ကျေနပ်မှုဆိုင်ရာ အစီရင်ခံစာတင်ခြင်းအားဖြင့် လုပ်ငန်းအရည်အသွေးမြင့်မားအောင် ကြိုးပမ်းအားထုတ်ရ ပါမည်။ | အနိမ့်ဆုံး | | | | |

**မှတ်ချက်** ။ ။ စံညွှန်းများအားလုံး လွယ်ကူရှင်းလင်းစေရန်အတွက် မည်သည့်စံညွှန်းများကို ပေါင်းစပ်ခဲ့သည် (သို့) လျှော့ချခဲ့သည်ကို လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်တိုးတက်မှုလုပ်ငန်းစဉ်တွင် သီးသန့်မှတ်တမ်းထားသည်။ သို့ဖြစ်၍ နောင်ထုတ်ပြန်မည့်မူကြမ်းတွင် ဖြစ်နိုင်ချေရှိသော စံညွှန်းများကို ထပ်မံထည့်သွင်းနိုင်သည်။

## ၂. ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

**လူထုအခြေပြုခရီးသွားလုပ်ငန်း** - လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုသည်မှာ ရပ်ရွာဒေသအဆင့်တွင် ဒေသခံလူထုပိုင်ဆိုင်သော၊ လုပ်ဆောင်သော၊ စီမံခန့်ခွဲမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုကိုဆိုလိုသည်။ ၎င်းသည် သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမှု-ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို တန်ဖိုးထားကာကွယ်နိုင်ပြီး ရေရှည်တည်တံ့သော အသက်မွေး ဝမ်းကျောင်းမှုကို ထောက်ပံ့ပေးခြင်းအားဖြင့် ဒေသခံရပ်ရွာအဖွဲ့များ၏ သာယာဝပြောမှုကို ဖြစ်ထွန်းစေသည်။ (အာဆီယံ လူထုအခြေပြုခရီးသွားလုပ်ငန်း စံသတ်မှတ်ချက်များအရ)

**လူထုအခြေပြုခရီးသွားလုပ်ငန်း တည်းခိုနေထိုင်ရေး** - မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသည့် တည်းခိုရိပ်သာများ၊ ၎င်းတို့နှင့်ဆက်စပ်သည့် ဒေသခံများ၏ နေအိမ်များတွင် တည်းခိုနေထိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီ** - တရားဝင်ဖွဲ့စည်းထားသည့် လူထုအခြေပြုခရီးသွားလုပ်ငန်း လုပ်ဆောင်မှုကိုဦးဆောင်ပြီး စီမံခန့်ခွဲသည့် တာဝန်ရှိအဖွဲ့ဝင်များအားလုံး (ဥပမာ - ညှိနှိုင်းရေးမှူး၊ အတွင်းရေးမှူး၊ စာရင်းကိုင် အစရှိသည်တို့)ကို ရည်ညွှန်းသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံသူများ** - လူထုအခြေပြုခရီးသွားလုပ်ငန်းကို ကူညီ၍ အကျိုးအမြတ်ဝင်ငွေအလို့ငှာ လူထုအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့နှင့်ပူးပေါင်း၍ ငွေကြေး သို့မဟုတ် အခြားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံ သည့် စီးပွားရေးလုပ်ငန်းရှင်တို့ကို ရည်ညွှန်းသည်။

**လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ ခရီးသွားဝန်ဆောင်မှုပေးသူ** - လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီလိုက်နာဆောင်ရွက်သည့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဒေသများတွင် သွားလာလည်ပတ်ရန် ဝန်ဆောင်မှုပေးသူတို့ကို ရည်ညွှန်းသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း အဖွဲ့ / အဖွဲ့ဝင်များ** - လူထုအခြေပြုခရီးသွားလုပ်ငန်းကော်မတီဝင်များနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း ဝန်ဆောင်မှုပေးသူတို့ကို ရည်ညွှန်းသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်းအစပြုလုပ်ကိုင်သူများ** - လူထုအခြေပြုခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများ၊ ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် လူထုအခြေပြုခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အရာများအားလုံးတို့ကို ရည်ညွှန်းသည်။

**လူထ** - သက်ဆ ါးကိုေ ်သူကိုမ
ည်။ (ဥပမာ - ွန်၊ း၊ ်ငံ့)

- ရာက်လ တွက်ဒေ
ိုင်၍ ရာကို ည်။

- သက်ဆ ံး၏အကျိုး တွက်
ငွကို ည်။

- ုတို့၏ ကြံု
်းကို ည်။

- ါးစုကို
ည်။

- ကျွမ်းကျင ွန်ကို ည်။

- ကြီး ွန်ကို ည်။

- ါးကို းကို
ည်။

- ကြသ ုံးကို ည်။

## အသုံးပြုထားသည့်အတိုကောက်စကားလုံးများ

| | | |
|---|---|---|
| **B&B** | - | ညအိပ်ခွင့်နှင့် မနက်စာစားသုံးခွင့် |
| **CBI** | - | သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (နယ်သာလန်နိုင်ငံ) |
| **CBT** | - | လူထုအခြေပြုခရီးသွားလုပ်ငန်း |
| **CIT** | - | လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်သည့် ခရီးသွားလုပ်ငန်း |
| **CPR** | - | အရေးပေါ်အသက်ကယ်နည်း |
| **CSR-MAP** | - | ထိုင်းနိုင်ငံ၏ လူမှုတာဝန်သိလုပ်ငန်း-ဈေးကွက်ပူးပေါင်းဆောင်ရွက်မှု |
| **FPIC** | - | ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းတိုင်ပင်မှုနှင့် အလွတ်သဘောတူညီချက် |
| **FTO** | - | ခရီးသွားလုပ်ငန်းစီစဉ်ဆောင်ရွက်ကြသူများ |
| **GIZ** | - | ဂျာမနီနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကော်ပိုရေးရှင်း |
| **GSTC** | - | ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စံညွှန်းများ |
| **HSF** | - | ဟန်းစ်ဆိုင်ဒယ် ဖောင်ဒေးရှင်း (ဂျာမနီနိုင်ငံ) |
| **LuxDev** | - | လူဇင်ဘတ် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအေဂျင်စီ |
| **NGO** | - | အစိုးရမဟုတ်သော အဖွဲ့အစည်း |



Supported by :

german cooperation
DEUTSCHE ZUSAMMENARBEIT

Implemented by
giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

LUXEMBOURG
AID & DEVELOPMENT

LUX DEV
Luxembourg Agency for Development Cooperation

CBI
Ministry of Foreign Affairs

International Trade Centre